များသောအားဖြင့်၊ ဒွတ္တိံသမဟာပုရိသလက္ခဏာနိ- သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတို့ကို၊ အဒ္ဒသ ခေါ- မြင်လေသာလျှင် တည်း၊ ကောသောဟိတေ- အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော၊ ဝတ္ထဂုယှေ စ- အင်္ဂါဇာတ်၌ လည်းကောင်း၊ ပဟူတဇိဝှတာယ စ- နူးညံ့သော ရှည် သော ပြန့်သော လျှာ၌လည်း ကောင်း၊ ကင်္ခတိ- ဤသို့ ဒွိသု- နှစ်ပါးကုန် သော၊ ဣမေ သု မဟာပုရိသလက္ခဏေသု- ဤယောကျ်ားမြတ်တို့၏ လက္ခဏာတို့၌၊ ကင်္ခတိ- ယုံမှားရှိ၏၊ ဝိစိကိစ္ဆတိ- ပင်ပန်း၏၊ နာဓိမုစ္စတိ- မဆုံးဖြတ်နိုင်၊ န သမ္ပသီဒတိ- ဘုရား၌ စိတ်၏ကြည်ခြင်းသို့ မရောက်။

၂၉၅။ အထ ခေါ- ထိုအခါ၌၊ ဘဂဝတော- မြတ်စွာဘုရားအား၊ ပေါက္ခရသာတိ- ပေါက္ခရသာတိ အမည်ရှိသော၊ အယံ ဗြာဟ္မဏော- ဤပုဏ္ဏားသည်၊ ဒွေ- နှစ်ပါး ကုန်သော လက္ခဏာတို့ကို၊ ဌပေတွာ- ထား၍၊ ယေဘုယျေန- များသောအားဖြင့်၊ မေ- ငါ၏၊ ဒွတ္တိံသမဟာပုရိသ လက္ခဏာနိ- သုံးဆယ့်နှစ်ပါးသော ယောကျ်ား မြတ်တို့၏လက္ခဏာတို့ကို၊ ပဿတိ ခေါ- မြင်သည်သာလျှင် တည်း၊ ကောသောဟိတေ- အအိမ်ဖြင့် လွှမ်းအပ်သော၊ ဝတ္ထဂုယှေ စ- အင်္ဂါဇာတ်၌ လည်းကောင်း၊ ပဟူတဇိဝှတာယ စ- နူးညံ့သော ရှည်သော ပြန့်သောလျှာ၌ လည်းကောင်း၊ ဣတိ- ဤသို့၊ ဒွိသု- နှစ်ပါးကုန်သော၊ ဣမေ သု မဟာပုရိသ လက္ခဏေသု- ဤယောကျ်ားမြတ်တို့၏ လက္ခဏာတို့၌၊ ကင်္ခတိ- ယုံမှားရှိ၏၊ ဝိစိကိစ္ဆတိ- ပင်ပန်း၏၊ နာဓိမုစ္စတိ- မဆုံးဖြတ်နိုင်၊ သမ္ပသီဒတိ- ဘုရား၌ စိတ်၏ ကြည်ခြင်းသို့ မရောက်၊ ဣတိ ဧတံ ဧသော ပရိဝိတက္ကော- ဤသို့သော အကြံသည်၊ အဟောသိ- ဖြစ်၏၊ အထ ခေါ- ထိုအခါ၌၊ ဘဂဝါ- မြတ်စွာ ဘုရားသည်၊ ယထာ- အကြင်သို့သောတန်ခိုးဖန်ဆင်းခြင်းဖြင့်၊ ပေါက္ခရသာတိ- ပေါက္ခရသာတိ အမည်ရှိသော၊ ဗြာဟ္မဏော- ပုဏ္ဏား သည်၊ ဘဂဝတော- မြတ်စွာဘုရား၏၊ ကောသောဟိတံ- အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော၊ ဝတ္ထဂုယှံ- အင်္ဂါဇာတ်ကို၊ အဒ္ဒသ- မြင်၏၊ တထာရူပံ- ထိုသို့ သဘောရှိသော၊ ဣဒ္ဓါဘိသင်္ခါရံ- တန်ခိုးဖန်ဆင်းခြင်းကို၊ အဘိသင်္ခါသိ- ဖန်ဆင်းတော်မူ၏၊ *(၁၀၂) အထ ခေါ- ထိုအခါ၌၊ ဘဂဝါ- မြတ်စွာဘုရားသည်၊ ဇိဝှံ- လျှာတော်ကို၊ နိန္နာမေတွာ- ထုတ်၍၊ ဥဘော- နှစ်ဖက်ကုန်သော၊ ကဏ္ဏသောတာနိပိ- နားတွင်းတို့ကိုလည်း၊ အနုမသိ- သုံးသပ်တော်မူ၏၊ ပဋိမသိ- အဖန်တလဲလဲ သုံးသပ်တော်မူ၏၊ ဥဘော- နှစ်ဖက်ကုန်သော၊ နာသိကသောတာနိပိ- နှာခေါင်းတွင်းတို့ကိုလည်း၊ အနုမသိ- သုံးသပ်တော်မူ၏၊ ပဋိမသိ- အဖန်တလဲလဲသုံးသပ်တော်မူ၏၊ ကေဝလံ- အလုံးစုံသော၊ နလာဋမဏ္ဍလမ္ပိ- နဖူးပြင်ကိုလည်း၊ ဇိဝှာယ- လျှာဖြင့်၊ ပဋိစ္ဆာဒေသိ- ဖုံးလွှမ်းတော်မူ၏။

၂၉၆။ အထ ခေါ- ထိုအခါ၌၊ ပေါက္ခရသာတိသ- ပေါက္ခရသာတိ အမည်ရှိသော၊ ဗြာဟ္မဏဿ- ပုဏ္ဏားအား၊ သမဏော ဂေါတမော- ရဟန်းဂေါတမသည်၊ ပရိပုဏ္ဏေဟိ- အလုံးစုံပြည့်စုံကုန်သော၊ ဒွတ္တိံသ မဟာပုရိသလက္ခဏေဟိ- သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတို့နှင့်၊ သမန္နာဂတော- ပြည့်စုံ၏၊ အပရိပုဏ္ဏေဟိ- အလုံးစုံ မပြည့်စုံကုန်သော၊ ဒွတ္တိံသမဟာပုရိသလက္ခဏေဟိ- သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏လက္ခဏာတို့နှင့်၊ သမန္နာဂတော- ပြည့်စုံသည်၊ နော- မဟုတ်၊ ဣတိ ဧတံ ဧသော ပရိဝိတက္ကော- ဤသို့သော အကြံသည်၊ အဟောသိ- ဖြစ်၏၊ ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ ပေါက္ခရသာတိ- ပေါက္ခရသာတိ အမည်ရှိသော၊ ဗြာဟ္မဏော- ပုဏ္ဏားသည်၊ ဘဂဝန္တံ- မြတ်စွာဘုရားကို၊ ဘဝံ ဂေါတမော- အရှင်ဂေါတမသည်၊ အဇ္ဇတနာယ- ယနေ့ဖြစ်လတ္တံ့သော ကောင်းမှုနှစ်သက်ဝမ်းမြောက်ခြင်း အကျိုးငှာ၊ ဘိက္ခုသံဃေန- ရဟန်းအပေါင်းနှင့်၊ သဒ္ဓိံ- တကွ၊ မေ- အကျွန်ုပ်၏၊ ဘတ္တံ- ဆွမ်းကို၊ အဓိဝါသေတု- သည်းခံတော်မူစေချင်၏၊ ဣတိ ဧတံ ဝစနံ- ဤသို့သောစကားကို၊ အဝေါစ- လျှောက်၏။ ဘဂဝါ- မြတ်စွာ ဘုရားသည်၊ တုဏှီဘာဝေန- စကားမဆိုသည်၏ အဖြစ်ဖြင့်၊ အဓိဝါသေသိ- သည်းခံတော်မူ၏။

၂၉၇။ အထ ခေါ- ထိုအခါ၌၊ ပေါက္ခရသာတိ- ပေါက္ခရသာတိ အမည်ရှိသော၊ ဗြာဟ္မဏော- ပုဏ္ဏားသည်၊ ဘဂဝတော- မြတ်စွာဘုရား၏၊ အဓိဝါသနံ- သည်းခံတော်မူသည်ကို၊ ဝိဒိတွာ- သိ၍၊ ဘဂဝတော- မြတ်စွာ ဘုရားအား၊ ဘော ဂေါတမ- အရှင်ဂေါတမ၊ ကာလော- အခါတန်ပြီ၊ ဘတ္တံ- ဆွမ်းသည်၊ နိဋ္ဌိတံ- ပြီးပါပြီ၊ ဣတိ- ဤသို့၊ ကာလံ- ဆွမ်းစားသော အခါကို၊ အာရောစေသိ- ကြားလျှောက်၏၊ အထ ခေါ- ထိုအခါ၌၊ ဘဂဝါ- မြတ်စွာဘုရားသည်၊ ပုဗ္ဗဏှသမယံ- နံနက်အခါ၌၊ နိဝါသေတွာ- သင်းပိုင် ကိုပြင်ဝတ်၍၊ ပတ္တစီဝရံ- သပိတ် သင်္ကန်းကို၊ အာဒါယ- ယူ၍၊ ဘိက္ခုသံဃေန- ရဟန်းအပေါင်းနှင့်၊ သဒ္ဓိံ- တကွ၊ ယေန- အကြင်အရပ်၌၊ ပေါက္ခရသာတိဿ- ပေါက္ခရသာတိ အမည်ရှိသော၊ ဗြာဟ္မဏဿ- ပုဏ္ဏား ၏၊ နိဝေသနံ- အိမ်သည်၊ အတ္ထိ- ရှိ၏၊ တေန- ထိုပုဏ္ဏားအိမ်ရှိရာ အရပ်သို့၊ ဥပသင်္ကမိ- ကပ်လေ၏၊ ဥပသင်္ကမိတွာ- ကပ်လေပြီး၍၊ ပညတ္တေ- ခင်းထားအပ်သော၊ အာသနေ- နေရာ၌၊ နိသီဒိ- ထိုင်နေတော်မူ၏၊ အထ ခေါ- ထိုအခါ၌၊ ပေါက္ခရသာတိ- ပေါက္ခရသာတိ အမည်ရှိသော၊ ဗြာဟ္မဏော- ပုဏ္ဏားသည်၊ ဘဂဝန္တံ- မြတ်စွာဘုရားကို၊ ပဏီတေန- မွန်မြတ်သော၊ ခါဒနီယေန- ခဲဖွယ်ဖြင့်လည်းကောင်း၊ ဘောဇနီယေန- ဘောဇဉ်ဖြင့်လည်းကောင်း၊ သဟတ္ထာ- မိမိလက်ဖြင့်၊ သန္တပ္ပေသိ- ရောင့်ရဲစေ၏၊

သမ္ပဝါရေယျ- တန်ပြီဟူ၍ဖြစ်စေ၏၊ မာဏဝကာပိ- လုလင်တို့သည်လည်း၊ ဘိက္ခုသံဃံ- ရဟန်းအပေါင်းကို၊ ပဏီတေန- မွန်မြတ်သော၊ ခါဒနီယေန- ခဲဖွယ်ဖြင့်လည်းကောင်း၊ ဘောဇနီယေန- ဘောဇဉ်ဖြင့်လည်းကောင်း၊ သဟတ္ထေဟိ- မိမိလက်တို့ဖြင့်၊ သန္တပ္ပေသုံ- ရောင့်ရဲစေကုန်၏၊ သမ္ပဝါရေသုံ- တန်ပြီဟူ၍ မြစ်စေကုန်၏၊ အထ ခေါ- ထိုအခါ၌၊ ပေါက္ခရသာတိ- ပေါက္ခရသာတိ အမည်ရှိသော၊ ဗြာဟ္မဏော- ပုဏ္ဏားသည်၊ ဘဂဝန္တံ- မြတ်စွာဘုရားကို၊ ဘုတ္တာဝိံ- ဆွမ်းစား ပြီးသည်ကို၊ ဩနီတပတ္တပါဏိံ- သပိတ်တော်မှပယ်အပ်ပြီးသော လက် တော်ရှိသည်ကို၊ ဥ တွာ- သိ၍၊ အညတရံ- အမှတ်မရှိသော၊ နီစံ- နိမ့် သော၊ အာသနံ- နေရာကို၊ ဂဟေတွာ- ယူ၍၊ ဧကမန္တံ- သင့်တင့် လျောက်ပတ်သော အရပ်၌၊ နိသီဒိ- ထိုင်နေ၏။

၂၉၈။ ဧကမန္တံ- သင့်တင့်လျောက်ပတ်သော အရပ်၌၊ နိသိန္နံသ ခေါ- ထိုင်နေပြီးသော၊ ပေါက္ခရသာတိဿ- ပေါက္ခရသာတိ အမည်ရှိသော၊ ဗြာဟ္မဏဿ- ပုဏ္ဏားအား၊ ဘဂဝါ- မြတ်စွာဘုရားသည်၊ [အနုပုဗ္ဗိံ ကထံ- ဆဋ္ဌမူ] အနုပုဗ္ဗိကထံ- အစဉ်ဖြစ်သော တရားစကားကို၊ ကထေသိ- ဟော တော်မူ၏၊ ဣဒံ အယံ အနုပုဗ္ဗိကထာ- ဤအစဉ်ဖြစ်သော တရားစကား ဟူသည်၊ သေယျထာ ကတမာ- အဘယ်နည်း၊ ဒါနကထံ- အလှူကိုစွဲ၍ ဖြစ်သော စကားလည်းကောင်း၊ သီလကထံ- သီလကိုစွဲ၍ ဖြစ်သော စကားလည်းကောင်း၊ သဂ္ဂကထံ- နတ်ရွာကိုစွဲ၍ ဖြစ်သော စကားလည်း ကောင်း၊ ကာမာနံ- ကာမဂုဏ်တို့၏၊ အာဒီနဝံ- အပြစ်လည်းကောင်း၊ ဩကာရံ- အယုတ်လည်းကောင်း၊ သံကိလေသံ- ညစ်ညူးခြင်း လည်းကောင်း၊ နေက္ခမ္မေ- ကာမဂုဏ်မှ ထွက်မြောက်ခြင်း၌၊ အာနိသံသံ- အကျိုးလည်းကောင်း၊ ဣတိ အယံ- ဤသည်လျှင် တည်း၊ ဣမံ အနုပုဗ္ဗိကထံ- ဤအစဉ်ဖြစ်သော တရားစကားကို၊ ပကာသေသိ- ပြတော် မူ၏၊ ယဒါ- အကြင်အခါ၌၊ ဘဂဝါ- မြတ်စွာဘုရားသည်၊ ပေါက္ခရသာတိံ- ပေါက္ခရသာတိ အမည်ရှိသော၊ ဗြာဟ္မဏံ- ပုဏ္ဏားကို၊ ကလ္လစိတ္တံ- ခံ့သော စိတ်ရှိသည်ကို၊ မုဒုစိတ္တံ- နူးညံ့သောစိတ်ရှိသည်ကို၊ ဝိနီဝရဏစိတ္တံ- နီဝရဏမှကင်းသောစိတ်ရှိသည်ကို၊ ဥဒဂ္ဂစိတ္တံ- ရွှင်သောစိတ်ရှိသည်ကို၊ ပသန္နစိတ္တံ- ကြည်ညိုသောစိတ်ရှိသည်ကို၊ အညာသိ- သိတော်မူ၏၊ အထ- ထိုသို့သိသောအခါ၌၊ ဗုဒ္ဓါနံ- ဘုရားရှင်တို့၏၊ သာမုက္ကံသိကာ- ကိုယ်တော်တိုင် ထုတ်ပြအပ်သော၊ ယာ ဓမ္မဒေသနာ- အကြင်တရား ဒေသနာသည်၊ အတ္ထိ- ရှိ၏၊ တံ ဓမ္မဒေသနံ- ထိုတရားဒေသနာကို၊ ပကာသေသိ- ထင်ရှားပြတော်မူ၏၊ ကိံ ပကာသေသိ- အဘယ်သို့ ထင်ရှား ပြတော်မူသနည်း၊ ဒုက္ခဉ္စ- ဒုက္ခသစ္စာကို လည်းကောင်း၊ သမုဒယဉ္စ- သမုဒယသစ္စာကိုလည်းကောင်း၊ နိရောဓဉ္စ- နိရောဓ

သစ္စာကို လည်းကောင်း၊ မဂ္ဂဉ္စ- မဂ္ဂသစ္စာကိုလည်းကောင်း၊ ကတိ ကမ္မာနိ စတ္တာရိ- ဤ လေးပါးတို့ကို၊ ပကာသေသိ- ထင်ရှားပြတော်မူ၏၊ သေယျထာပိ နာမ- ဥပမာအဘယ်ကဲ့သို့နည်း၊ သုဒ္ဓံ- ဖြူစင်စွာ သော၊ အပဂတကာဠကံ- ကင်းသော အညစ်အကြေးရှိသော၊ ဝတ္ထံ- အဝတ်သည်၊ သမ္မဒေဝ- ကောင်းစွာ သာလျှင်၊ ရင်္ဂနံ- ဆိုးရည်ကို၊ ပဋိဂ္ဂဏှေယျ သေယျထာပိ- ယူရာသကဲ့သို့၊ ဧဝမေဝ- ထိုအတူသာလျှင်၊ ပေါက္ခရသာတိဿ- ပေါက္ခရသာတိ အမည်ရှိသော၊ ဗြာဟ္မဏဿ- ပုဏ္ဏားအား၊ တသ္မိံယေဝ အာသနေ- ထိုတရားနာသောနေရာ၌သာလျှင်၊ ဝိရဇံ- ကိလေသာ ဟူသော မြူကင်းသော၊ ဝီတမလံ- ကိလေသာဟူသော အညစ်အကြေး ကင်းသော၊ ယံ ကိဉ္စိ- အလုံးစုံသော ဝဋ်တရားသည်၊ သမုဒယဓမ္မံ- ဖြစ်ခြင်းသဘော ရှိ၏၊ တံ သဗ္ဗံ- ထိုအလုံးစုံသော ဖြစ်ခြင်းသဘော ရှိသော ဝဋ်တရားသည်၊ နိရောဓဓမ္မံ- ချုပ်ခြင်းသဘော ရှိ၏၊ ကတိ- ဤသို့ ဓမ္မစက္ခုံ- သောတာပတ္တိမဂ်ဉာဏ်သည်၊ ဥဒပါဒိ- ထင်ရှားဖြစ်ပြီ။

## ပေါက္ခရသာတိဥပါသကတ္တပဋိဝေဒနာ

၂၉၉။ အထ ခေါ- ထိုအခါ၌၊ ပေါက္ခရသာတိ- ပေါက္ခရသာတိ အမည်ရှိသော၊ ဗြာဟ္မဏော- ပုဏ္ဏားသည်၊ ဒိဋ္ဌဓမ္မော- မြင်အပ်ပြီးသော သစ္စာလေးပါး တရားရှိသည်ဖြစ်၍၊ ပတ္တဓမ္မော- ရောက်အပ်ပြီးသော သစ္စာလေးပါးတရား ရှိသည်ဖြစ်၍၊ ဝိဒိတဓမ္မော- မဖောက်မပြန် သိအပ်ပြီးသော သစ္စာလေးပါး တရားရှိသည်ဖြစ်၍၊ ပရိယောဂါဠ္ဟဓမ္မော- ဉာဏ်ဖြင့် သက်ဝင်အပ်ပြီးသော သစ္စာလေးပါးတရားရှိသည်ဖြစ်၍၊ တိဏ္ဏဝိစိကိစ္ဆော- ကူးမြောက်ပြီးသော ဝိစိကိစ္ဆာရှိသည်ဖြစ်၍၊ ဝိဂတကထံ ကထော- သို့လော သို့လောဟု တွေးတော ခြင်းကင်းသည်ဖြစ်၍၊ *(၁၀၃) ဝေသာရဇ္ဇပ္ပတ္တော- ရဲရင့်ခြင်းသို့ ရောက်သည်ဖြစ်၍၊ သတ္ထုသာသနေ- မြတ်စွာ ဘုရားသာသနာတော်၌၊ အပ္ပရပ္ပစ္စယော- ဘုရားမှ တပါးသော သူ၌ ယုံကြည် ခြင်းမရှိသည်ဖြစ်၍၊ ဘဂဝန္တံ- မြတ်စွာဘုရားကို၊ ဘော ဂေါတမ- အရှင် ဂေါတမ၊ အဘိက္ကန္တံ- အလွန် နှစ်လိုဖွယ်ရှိစွတကား၊ ဘော ဂေါတမ- အရှင်ဂေါတမ၊ အဘိက္ကန္တံ- အလွန်နှစ်လိုဖွယ်ရှိစွတကား၊ ဘော ဂေါတမ- အရှင်ဂေါတမ၊ သေယျထာပိ- ဥပမာမည်သည်ကား၊ နိက္ကုဇ္ဇိတံ- မှောက်၍ ထားအပ်သော အိုးကို၊ ဥက္ကုဇ္ဇေယျ သေယျထာပိ ဝါ- လှန်၍ပြဘိသကဲ့သို့ လည်းကောင်း၊ ပဋိစ္ဆန္နံ- ဖုံးလွှမ်းအပ်သောဝတ္ထုကို၊ ဝိဝရေယျ သေယျထာပိ ဝါ- ဖွင့်၍ပြဘိသကဲ့သို့လည်းကောင်း၊ မူဠ္ဟဿ- ခရီးမှားသောသူအား၊ မဂ္ဂံ- ခရီးကို၊

အာစိက္ခေယျ သေယျထာပိ ဝါ- ပြောကြားဘိသကဲ့သို့လည်းကောင်း၊ စက္ခုမန္တော- စက္ခုပသာဒနှင့် ပြည့်စုံသောသူတို့သည်၊ ရူပါနိ- အဆင်းတို့ကို၊ ဒက္ခန္တိ- မြင်ကုန်လတ္တံ့၊ ဣတိ မနသိ ကရိတွာ- ဤသို့နှလုံးသွင်း၍၊ အန္ဓကာရေ- အမိုက်တိုက်၌၊ တေလပဇ္ဇောတံ- ဆီမီးတန်ဆောင်ကို၊ ဓာရေယျ သေယျထာပိ ဝါ- ညှိထွန်းဆောင်ရာဘိသကဲ့သို့လည်းကောင်း၊ (ဧဝမေဝံ) ဧဝမေဝ- ထိုအတူသာလျှင်၊ ဘောတာ ဂေါတမေန- အရှင်ဂေါတမသည်၊ အနေကပရိယာယေန- များစွာသော အကြောင်းဖြင့်၊ ဓမ္မော- တရားကို၊ ပကာသိတော- ပြတော်မူအပ်ပြီ၊ ဧသော ဂေါတမ- အရှင်ဂေါတမ၊ ဧသော ဟံ ဧသော အဟံ- ထိုအကျွန်ုပ်သည်၊ သပုတ္တော- သားနှင့်တကွ၊ သဘရိယော- မယားနှင့် တကွ၊ သပရိသော- ပရိသတ်နှင့် တကွ၊ သာမစ္စော- အမတ်နှင့် တကွ၊ ဘဝန္တံ ဂေါတမံ- အရှင်ဂေါတမကို၊ သရဏံ သရဏံ ဣတိ- ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ- ဆည်းကပ်ပါ၏၊ ဓမ္မဉ္စ- တရားတော်ကိုလည်းကောင်း၊ ဘိက္ခုသံဃဉ္စ- ရဟန်းသံဃာကိုလည်းကောင်း၊ သရဏံ သရဏံ ဣတိ- ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ- ဆည်းကပ်ပါ၏၊ ဘဝံ ဂေါတမော- အရှင်ဂေါတမ သည်၊ အဇ္ဇတဂ္ဂေ- ယနေ့ကိုအစပြု၍၊ ပါဏုပေတံ- အသက်ထက်ဆုံး၊ သရဏံ- ကိုးကွယ်ခြင်းသို့၊ ဂတံ- ရောက်သော၊ ဥပါသကံ- ဒါယကာဟူ၍၊ မံ- အကျွန်ုပ်ကို၊ ဓာရေတု- မှတ်တော်မူပါလော၊ ဘဝံ ဂေါတမော- အရှင်ဂေါတမ သည်၊ ဥက္ကဋ္ဌာယ- ဥက္ကဋ္ဌမြို့၌၊ အညာနိ- တပါးကုန်သော၊ ဥပါသကကုလာနိ- အမျိုးအိမ်တို့သို့၊ ဥပသင်္ကမတိ ယထာ- ကပ်သကဲ့သို့လည်း၊ ဧဝမေဝ- ထို အတူသာလျှင်၊ ဘဝံ ဂေါတမော- အရှင်ဂေါတမသည်၊ ပေါက္ခရသာတိကုလံ- ပေါက္ခရသာတိ အိမ်သို့၊ ဥပသင်္ကမတု- ကပ်စေသတည်း၊ တတ္ထ- ထို ပေါက္ခရသာတိအိမ်၌၊ ယေ တေ မာဏဝကာ ဝါ- အကြင်လုလင်ပျို ယောက်ျားတို့သည်လည်းကောင်း၊ ယာ တာ မာဏဝိကာ ဝါ- အကြင် လုလင်ပျိုမိန်းမတို့သည်လည်းကောင်း၊ ဘဝန္တံ ဂေါတမံ- အရှင်ဂေါတမကို၊ အဘိဝါဒေဿန္တိ ဝါ- ရှိသေစွာ မူလည်း ရှိခိုးလတ္တံ့၊ ပစ္စုဋ္ဌိဿန္တိ ဝါ- ခရီးမူလည်း ကြိုဆိုကုန်လတ္တံ့၊ [ပစ္စုဋ္ဌေဿန္တိ (ပီ၊ )]-၊ အာသနံ ဝါ- နေရာကို လည်းကောင်း၊ ဥဒကံ ဝါ- ရေကိုလည်းကောင်း၊ ဒဿန္တိ- လှူကုန်လတ္တံ့၊ စိတ္တံ ဝါ- စိတ်ကိုမူလည်း၊ ပသာဒေဿန္တိ- ကြည်ညိုစေကုန်လတ္တံ့၊ တံ အဘိဝါဒနာဒိကမ္မံ- ထိုသို့ ရှိသေစွာ ရှိခိုးခြင်းအစရှိသောအမှုသည်၊ တေသံ- ထိုသူတို့အား၊ ဒီဃရတ္တံ- ရှည်စွာသော ညဉ့်ပတ်လုံး၊ ဟိတာယ ဟိတံ ကာတုံ- စီးပွါးခြင်းကိုပြုခြင်းငှာ၊ သုခါယ သုခံ ကာတုံ- ချမ်းသာကိုပြုခြင်းငှာ၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ ဣတိ- ဤသို့၊ အဝေါစ- လျှောက်၏၊ ဗြာဟ္မဏ- ပုဏ္ဏား၊ မယာ- ငါဘုရားသည်၊ ကလျာဏံ- ကောင်းသော

စကားကို၊ ဝုတ္တံ- ဆိုအပ်၏၊ ဣတိ- ဤသို့၊ သုတံ- ကြားအပ်ပါ၏။

တတိယံ- သုံးကြိမ်မြောက်သော၊ အမ္ဗဋ္ဌသုတ္တံ- အမ္ဗဋ္ဌသုတ်သည်၊ နိဋ္ဌိတံ- ပြီးခြင်းသို့ ရောက်ပြီ။

## ၄။ သောဏဒဏ္ဍသုတ္တံ

## စမ္ပေယျကဗြာဟ္မဏဂဟပတိကာ

၃၀၀။ *(၁၀၄) ဧဝံ- ဤသို့၊ မေ မယာ- အကျွန်ုပ်အာနန္ဒာသည်၊ သုတံ- ကြားအပ်၏၊ (တီ၊ သုတံ- အဘယ်သို့ ကြားအပ်သနည်း၊) ဧကံ- တစ်ပါးသော၊ သမယံ- အခါ၌၊ ဘဂဝါ- မြတ်စွာဘုရားသည်၊ အင်္ဂေသု- အင်္ဂတိုင်းတို့၌၊ စာရိကံ- ဒေသစာရီကို၊ စရမာနော- သွားသည်ဖြစ်၍၊ မဟတာ- အရေအတွက်အားဖြင့် များသော၊ ဘိက္ခုသံဃေန- ရဟန်း အပေါင်းနှင့်၊ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ- ငါးရာအတိုင်း အရှည်ရှိ ကုန်သော ရဟန်းတို့နှင့်၊ သဒ္ဓိံ- တကွ၊ ယေန- အကြင်အရပ်၌၊ စမ္ပာ- စမ္ပာပြည်သည်၊ အတ္ထိ- ရှိ၏၊ တံ- ထိုစမ္ပာပြည်ရှိရာအရပ်သို့၊ အဝသရိ- ရောက်တော်မူ၏၊ ဘဂဝါ- မြတ်စွာဘုရားသည်၊ တတြ စမ္ပာယံ- ထို စမ္ပာပြည်၌၊ ဂဂ္ဂရာယ- ဂဂ္ဂရာမိဖုရားသည်ပြုအပ်သော၊ ပေါက္ခရဏိယာ- လေးထောင့်ကန်၏၊ တီရေ- ကမ်းနား၊ ဝိဟရတိ- နေတော်မူ၏၊ တေန ခေါ ပန သမယေန- ထိုအခါ၌၊ သောဏဒဏ္ဍော- သောဏဒဏ္ဍ အမည်ရှိသော၊ ဗြာဟ္မဏော- ပုဏ္ဏားသည်၊ သတ္တုဿဒံ- များသော လူမျိုး ဆင်ယာဉ် မြင်းယာဉ်အစရှိသော သတ္တဝါတို့ဖြင့်ပြည့်သော၊ သတိဏကဋ္ဌောဒကံ- များသောမြက်ထင်းရေရှိသော၊ သဓညံ- များသောဥစ္စာ စပါးရှိသော၊ ရာဇဘောဂ္ဂံ- မင်းမှရအပ်သောစည်းစိမ်ဖြစ်သော၊ မာဂဓေန- မဂဓတိုင်းကို အစိုးရသော၊ သေနိယေန- များသောစစ်သည်ရှိသော၊ ဗိမ္ဗိသာရေန- ဗိမ္ဗိသာရအမည်ရှိသော၊ ရညာ- မင်းသည်၊ ဒိန္နံ- ပေးအပ်သော၊ ရာဇဒါယံ- မင်း၏ အမွေဥစ္စာဖြစ်သော၊ ဗြဟ္မဒေယျံ- မြတ်သော ပေးခြင်းဖြင့် ပေးအပ်သော၊ စမ္ပံ- စမ္ပာပြည်၌၊ အဇ္ဈာဝသတိ- စိုးအုပ်၍ နေ၏။

၃၀၁။ စမ္ပေယျကာ- စမ္ပာပြည်၌ နေကုန်သော၊ ဗြာဟ္မဏဂဟပတိကာ- ပုဏ္ဏားသူကြွယ်တို့သည်၊ ဘော- အချင်းတို့၊ သကျပုတ္တော- သာကီ ဝင်မင်းသား ဖြစ်သော၊ သကျကုလာ- သာကီဝင်မင်းမျိုးမှ၊ နိက္ခမိတွာ- ထွက် ၍၊ ပဗ္ဗဇိတော- ရဟန်းပြုသော၊ သမဏော ဂေါတမော- ရဟန်းဂေါတမ သည်၊ အင်္ဂေသု- အင်္ဂတိုင်းတို့၌၊ စာရိကံ- ဒေသစာရီကို၊ စရမာနော- သွားသည်ဖြစ်၍၊ မဟတာ- အရေအတွက်အားဖြင့် များသော၊ ဘိက္ခု သံဃေန- ရဟန်းအပေါင်းနှင့်၊ ပဉ္စမတ္တေဟိ

ဘိက္ခုသင်္ဃေဟိ- ငါးရာ အတိုင်းအရှည်ရှိကုန်သော ရဟန်းတို့နှင့်၊ သဒ္ဓိံ- တကွ၊ စမ္ပံ- စမ္ပာပြည်သို့ အနုပ္ပတ္တော- အစဉ်ရောက်သည်ဖြစ်၍၊ စမ္ပာယံ- စမ္ပာမြို့၌၊ ဂဂ္ဂရာယ- ဂဂ္ဂရာမိဖုရားသည်ပြုအပ်သော၊ ပေါက္ခရဏိယာ- လေးထောင့်ကန်၏၊ တီရေ- ကမ်းနား၌၊ ဝိဟရတိ ခလု- နေသတတ်၊ တံ ခေါ ပန ဘဝန္တံ ဂေါတမံ ကသ္မ ခေါ ပန ဘောတော ဂေါတမဿ- ထိုအရှင်ဂေါတမ၏၊ ကလျာဏော- ကောင်းသော၊ ကိတ္တိသဒ္ဒေါ- ကျော်စောသော အသံသည်၊ ဧဝံ- ဤသို့၊ အဗ္ဘုဂ္ဂတော- ပြန့်နှံ့၍တက်၏၊ ကိံ အဗ္ဘုဂ္ဂတော- အဘယ်သို့ ပြန့်နှံ့၍တက်သနည်း၊ သော ဘဂဝါ- ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာ စ ကာရဏေန- ဤသို့ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း၊ အရဟံ- အရဟာမည်တော်မူ၏၊ ဣတိပိ ဣမိနာ စ ကာရဏေန- ဤသို့မဖောက်မပြန် ကိုယ်တော်တိုင်သိတော်မူတတ်သော အကြောင်းကြောင့်လည်း၊ သမ္မာသမ္ဗုဒ္ဓေါ- သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏၊ ဣတိပိ ဣမိနာ စ ကာရဏေန- ဤသို့ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏ တစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း၊ ဝိဇ္ဇာစရဏသမ္ပန္နော- ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူ၏၊ ဣတိပိ ဣမိနာ စ ကာရဏေန- ဤသို့ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း၊ သုဂတော- သုဂတမည်တော်မူ၏၊ ဣတိပိ ဣမိနာ စ ကာရဏေန- ဤသို့လောကသုံးပါးကိုသိတော်မူတတ်သော အကြောင်းကြောင့်လည်း၊ လောကဝိဒူ- လောကဝိဒူမည်တော်မူ၏၊ ဣတိပိ ဣမိနာ စ ကာရဏေန- ဤသို့ ယောကျ်ားတကာတို့ကို အတုမရှိ ဆုံးမတော်မူတတ်သော အကြောင်းကြောင့်လည်း၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ- အနုတ္တရောပုရိသဒမ္မသာရထိမည်တော်မူ၏၊ ဣတိပိ ဣမိနာ စ ကာရဏေန- ဤသို့နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်း ကြောင့်လည်း၊ သတ္ထာ ဒေဝမနုဿာနံ- သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ ဣတိပိ ဣမိနာ စ ကာရဏေန- ဤသို့ သစ္စာလေးပါးတရားတို့ကို သိတော်မူတတ်သော အကြောင်းကြောင့်လည်း၊ ဗုဒ္ဓေါ- ဗုဒ္ဓမည်တော်မူ၏၊ ဣတိပိ ဣမိနာ စ ကာရဏေန- ဤသို့ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း၊ ဘဂဝါ- ဘဂဝါ မည်တော်မူ၏၊ ဣတိ- ဤသို့၊ အဗ္ဘုဂ္ဂတော- ပြန့်နှံ့၍တက်၏၊ သော ဘဂဝါ- ထို မြတ်စွာဘုရားသည်၊ သဒေဝကံ- ကာမာဝစရနတ်ပြည်ငါးထပ်နှင့် တကွ ဖြစ်သော၊ သမာရကံ- ဝသဝတ္တီနတ်ပြည်နှင့် တကွ ဖြစ်သော၊ သဗြဟ္မကံ- ရူပါဝစရဗြဟ္မာပြည်နှင့် တကွ ဖြစ်သော၊ ဣမံ လောကံ- ဤသြကာသ လောကကိုလည်းကောင်း၊ သဿမဏဗြာဟ္မဏိံ- ရဟန်းပုဏ္ဏားနှင့် တကွ ဖြစ်သော၊ သဒေဝမနုဿံ- သမ္မုတိနတ်

တည်းဟူသော မင်းကြွင်းသော လူနှင့်တကွ ဖြစ်သော၊ ဣမံ ပဇံ- ဤသတ္တလောကကိုလည်းကောင်း၊ သယံ- မိမိအလိုလို၊ အဘိညာ အဘိညာယ- ထူးသောဉာဏ်ဖြင့် သိ၍၊ သစ္ဆိကတွာ- မျက်မှောက်ပြု၍၊ ပဝေဒေတိ- ပြတော်မူ၏၊ သော ဘဂဝါ- ထိုမြတ်စွာဘုရားသည်၊ အာဒိကလျာဏံ- အစ၌ကောင်းခြင်းရှိထသော၊ မဇ္ဈေကလျာဏံ- အလယ်၌ကောင်းခြင်းရှိထသော၊ ပရိယောသာနကလျာဏံ- အဆုံး၌ကောင်းခြင်းရှိထသော၊ သာတ္ထံ- အနက်နှင့် ပြည့်စုံစွာ ထသော၊ သဗျဉ္ဇနံ- သဒ္ဒါနှင့် ပြည့်စုံထသော၊ ကေဝလပရိပုဏ္ဏံ- အလုံး ပြည့်စုံစွာ ထသော၊ ပရိသုဒ္ဓံ- ခရုသင်းပွတ်သစ်ကဲ့သို့ဖြူစင်စွာ သော၊ ဓမ္မံ- တရားကို၊ ဒေသေတိ- ဟောတော်မူ၏၊ ဗြဟ္မစရိယံ- မြတ်သောအကျင့်ကို၊ ပကာသေတိ- ထင်ရှားပြတော်မူ၏၊ တထာရူပါနံ- ထိုသို့သဘော ရှိကုန် သော၊ အရဟတံ အရဟန္တာနံ- ရဟန္တာတို့ကို၊ ဒဿနံ- ဖူးမြင်ရခြင်းသည်၊ သာဓု ခေါ ပန- ကောင်းသော အကျိုးစီးပွားကို ဆောင်တတ်သည်သာလျှင်၊ ဟောတိ- ဖြစ်၏၊ ဣတိ- ဤသို့၊ အသောသုံ ခေါ- ကြားသည်လျှင် ကတည်း၊ အထ ခေါ- ထိုအခါ၌၊ စမ္မေယျကာ- စမ္ပာပြည်၌ နေကုန်သော၊ ဗြာဟ္မဏဂဟပတိကာ- ပုဏ္ဏားသူကြွယ်တို့သည်၊ စမ္ပာယ- စမ္ပာပြည်မှ၊ နိက္ခမိတွာ- ထွက်ကုန်၍၊ သံဃသံဃီ- ထိုထိုသို့သော အရပ်မှ ပေါင်းအပ် သော အပေါင်းရှိကုန်သည်ဖြစ်၍၊ [သံဃာ သံဃီ (သ၊ သျ။ပ။ )] ဂဏီဘူတာ- များသော အရေအတွက်ရှိသည်၏ အဖြစ်သို့ ရောက်ကုန် သည်ဖြစ်၍၊ ယေန- အကြင်အရပ်၌၊ ဂဂ္ဂရာ- ဂဂ္ဂရာမည်သော မိဖုရား သည်ပြုအပ်သော၊ ပေါက္ခရဏီ- လေးထောင့်ကန်သည်၊ အတ္ထိ- ရှိ၏၊ တေန- ထိုလေးထောင့်ကန်ရှိရာအရပ်သို့၊ ဥပသင်္ကမိံသု- ကပ်ကုန်၏။

၃၀၂။ တေန ခေါ ပန သမယေန- ထိုအခါ၌၊ သောဏဒဏ္ဍော- သောဏဒဏ္ဍ အမည်ရှိသော၊ ဗြာဟ္မဏော- ပုဏ္ဏားသည်၊ ဥပရိပါသာဒေ- အထက်ပြာသာဒ်၌၊ ဒိဝါသေယျံ- နေ့အခါ အိပ်ခြင်းသို့၊ ဥပဂတော- ရောက်သည်၊ ဟောတိ- ဖြစ်၏၊ သောဏဒဏ္ဍော- သောဏဒဏ္ဍ အမည်ရှိ သော၊ ဗြာဟ္မဏော- ပုဏ္ဏားသည်၊ စမ္မေယျကေ- စမ္ပာပြည်၌ နေကုန်သော၊ ဗြာဟ္မဏဂဟပတိကေ- ပုဏ္ဏားသူကြွယ်တို့ကို၊ စမ္ပာယ- စမ္ပာပြည်မှ၊ နိက္ခမိတွာ- ထွက်ကုန်၍၊ သံဃသံဃီ- ထိုထိုသို့သော အရပ်မှ ပေါင်းအပ် သော အပေါင်းရှိကုန်သည်ဖြစ်၍၊ [သံဃေ သံဃီ (သ၊ ပ) သံဃာသံဃီ (သျ)] ဂဏီဘူတေ- များသောအရေအတွက် ရှိသည်၏ အဖြစ်သို့ ရောက် ကုန်သည်ဖြစ်၍၊ ယေန- အကြင်အရပ်၌၊ ဂဂ္ဂရာ- ဂဂ္ဂရာမည်သော မိဖုရားသည်ပြုအပ်သော၊ ပေါက္ခရဏီ- လေးထောင့်ကန်သည်၊ အတ္ထိ- ရှိ၏၊ တေန-

ထိုလေးထောင့်ကန်ရှိရာအရပ်သို့ ဥပသင်္ကမန္တေ- ကပ်ကုန် သည်တို့ကို၊ အဒ္ဒသာ ခေါ- မြင်သည်သာလျှင် တည်း၊ ဒိသွာ- မြင်၍၊ ခတ္တံ- အမတ်ကြီးကို၊ ဘော ခတ္တေ- အိုံ အမတ်ကြီး၊ ကိံ- အဘယ်ကြောင့်၊ စမွေယျကာ- စမ္ပာပြည်၌ နေကုန်သော၊ ဗြာဟ္မဏဂဟပတိကာ- ပုဏ္ဏားသူကြွယ်တို့သည်၊ *(၁၀၅) စမ္ပာယ- စမ္ပာပြည်မှ၊ နိက္ခမိတွာ- ထွက်ကုန် ၍၊ သံဃသံဃီ- ထိုထိုသို့သော အရပ်မှ ပေါင်းအပ်သော အပေါင်းရှိသည်၏ အဖြစ်သို့ ရောက်ကုန်သည်ဖြစ်၍၊ ဂဏီဘူတာ- များသောအရေ အတွက် ရှိသည်၏ အဖြစ်သို့ ရောက်ကုန်သည်ဖြစ်၍၊ ယေန- အကြင်အရပ်၌၊ ဂဂ္ဂရာ- ဂဂ္ဂရာမည်သောမိဖုရားသည်ပြုအပ်သော၊ ပေါက္ခရဏီ- လေးထောင့်ကန် သည်၊ အတ္ထိ- ရှိ၏၊ တေန- ထိုလေးထောင့်ကန်ရှိရာအရပ်သို့ ဥပသင်္ကမန္တိ နု ခေါ- ကပ်ကုန်သနည်း၊ ဣတိ- ဤသို့၊ အာမန္တေသိ- မိန့်ဆိုသနည်း၊ ဘော- အရှင်၊ သကျပုတ္တော- သာကီဝင်မင်းသားဖြစ်သော၊ သကျကုလာ- သာကီဝင် မင်းမျိုးမှ၊ နိက္ခမိတွာ- ထွက်၍၊ ပဗ္ဗဇိတော- ရဟန်းပြုသော၊ သမဏော ဂေါတမော- ရဟန်းဂေါတမသည်၊ အတ္ထိ ခေါ- ရှိသည်သာလျှင် တည်း၊ အင်္ဂေသု- အင်္ဂတိုင်းတို့၌၊ စာရိကံ- ဒေသစာရီကို၊ စရမာနော- သွားသည်ဖြစ် ၍၊ မဟတာ- အရေအတွက်အားဖြင့် များသော၊ ဘိက္ခုသံဃေန- ရဟန်း အပေါင်းနှင့်၊ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ- ငါးရာအတိုင်း အရှည်ရှိကုန်သော ရဟန်းတို့နှင့်၊ သဒ္ဓိံ- တကွ၊ စမ္ပံ- စမ္ပာပြည်သို့၊ အနုပ္ပတ္တော- အစဉ်ရောက်သည် ဖြစ်၍၊ စမ္ပာယံ- စမ္ပာပြည်၌၊ ဂဂ္ဂရာယ- ဂဂ္ဂရာမည်သော မိဖုရားသည် ပြုအပ်သော၊ ပေါက္ခရဏိယာ- လေးထောင့်ကန်၏၊ တီရေ- ကမ်းနား၊ ဝိဟရတိ- နေ၏၊ တံ ခေါ ပန ဘဝန္တံ ဂေါတမံ ဧဝံ ခေါ ပန ဘောတော ဂေါတမဿ- ထိုအရှင်ဂေါတမ၏၊ ကလျာဏော- ကောင်းသော၊ ကိတ္တိသဒ္ဒေါ- ကျော်စောသော အသံသည်၊ ဧဝံ- ဤသို့၊ အဗ္ဘုဂ္ဂတော- ပြန့်နှံ့၍ တက်၏၊ ကိံ အဗ္ဘုဂ္ဂတော- အဘယ်သို့ ပြန့်နှံ့၍တက်သနည်း၊ သော ဘဂဝါ- ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာ စ ကာရဏေန- ဤသို့ ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း၊ အရဟံ- အရဟမည်တော်မူ၏၊ ဣတိပိ ဣမိနာ စ ကာရဏေန- ဤသို့ မဖောက်မပြန် ကိုယ်တော်တိုင် သိတော်မူတတ်သော အကြောင်းကြောင့်လည်း၊ သမ္မာသမ္ဗုဒ္ဓေါ- သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ ဣတိပိ ဣမိနာ စ ကာရဏေန- ဤသို့ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း၊ ဝိဇ္ဇာစရဏသမ္ပန္နော- ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ဣတိပိ ဣမိနာ စ ကာရဏေန- ဤသို့ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း၊ သုဂတော- သုဂတမည်တော်မူ၏၊

ဣတိပိ ဣမိနာ စ ကာရဏေန- ဤသို့ လောကသုံးပါးကိုသိတော်မူတတ်သော အကြောင်းကြောင့်လည်း၊ လောကဝိဒူ- လောကဝိဒူမည်တော်မူ၏၊ ဣတိပိ ဣမိနာ စ ကာရဏေန- ဤသို့ ယောကျ်ားတကာတို့ကို ဆုံးမတော်မူ တတ်သော အကြောင်းကြောင့်လည်း၊ အနုတ္တရော ပုရိသဒမ္မသာရထိ- အနုတ္တ ရောပုရိသဒမ္မသာ ရထိမည်တော်မူ၏၊ ဣတိပိ ဣမိနာ စ ကာရဏေန- ဤသို့ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း၊ သတ္ထာ ဒေဝမနုဿာနံ- သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ ဣတိပိ ဣမိနာ စ ကာရဏေန- ဤသို့ သစ္စာလေးပါးတရားတို့ကို သိတော်မူသော အကြောင်း ကြောင့်၊ ဗုဒ္ဓေါ- ဗုဒ္ဓ မည်တော်မူ၏၊ ဣတိပိ ဣမိနာ စ ကာရဏေန- ဤသို့ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း၊ ဘဂဝါ- ဘဂဝါမည်တော်မူ၏၊ ဣတိ- ဤသို့၊ အဗ္ဘုဂ္ဂတော- ပြန့်နှံ့၍တက်၏၊ ဧတေ ဗြာဟ္မဏဂဟပတိကာ- ထိုပုဏ္ဏား သူကြွယ်တို့သည်၊ တံ ဘဝန္တံ ဂေါတမံ- ထိုအရှင်ဂေါတမကို၊ ဒဿနာယ- ဖူးမြင်ခြင်းငှာ၊ ဥပသင်္ကမန္တိ- ကပ်ကုန်၏၊ ဣတိ- ဤသို့၊ ခတ္တော- အမတ်ကြီးသည်၊ အဝေါစ- လျှောက်၏၊ ဘော ခတ္တ- အိုအမတ်ကြီး၊ တေန ဟိ- ထိုသို့ပြီးတကား၊ ယေန- အကြင်အရပ်၌၊ စမ္ပေယျကာ- စမ္ပာပြည်၌ နေကုန်သော၊ ဗြာဟ္မဏဂဟပတိကာ- ပုဏ္ဏား သူကြွယ်တို့သည်၊ အတ္ထိ သန္တိ- ရှိကုန်၏၊ တေန- ထိုပုဏ္ဏားသူကြွယ်တို့ ရှိရာအရပ်သို့၊ ဥပသင်္ကမ- ကပ်လော၊ ဥပသင်္ကမိတွာ- ကပ်ပြီး၍၊ စမ္ပေယျကေ- စမ္ပာပြည်၌ နေကုန်သော၊ ဗြာဟ္မဏဂဟပတိကေ- ပုဏ္ဏား သူကြွယ်တို့ကို၊ ဘော- အရှင်တို့၊ သောဏဒဏ္ဍော- သောဏဒဏ္ဍ အမည် ရှိသော၊ ဗြာဟ္မဏော- ပုဏ္ဏားသည်၊ ဘောန္တော- အရှင်တို့၊ အာဂမေန္တု- ငံ့လင့် ၍နေကုန်ဦးလော၊ သောဏဒဏ္ဍော- သောဏဒဏ္ဍအမည်ရှိသော၊ ဗြာဟ္မဏောပိ- ပုဏ္ဏားသည်လည်း၊ သမဏံ ဂေါတမံ- ရဟန်းဂေါတမကို၊ ဒဿနာယ- ဖူးမြင်ခြင်းငှာ၊ ဥပသင်္ကမိဿတိ ကိရ- ကပ်လတ္တံ့သတတ်၊ ဣတိ ဧဝံ- ဤသို့၊ အာဟ- ဆို၏၊ ဣတိ ဧဝံ- ဤသို့၊ ဝဒေဟိ- ဆိုလော၊ ဘော- အရှင်သော ဏဒဏ္ဍ၊ ဧဝံ သာဓု- ကောင်းပါပြီ၊ ဣတိ ခေါ- ဤသို့လျှင်၊ သော ခတ္တော- ထိုအမတ်ကြီးသည်၊ သောဏဒဏ္ဍဿ- သောဏဒဏ္ဍ အမည်ရှိသော၊ ဗြာဟ္မဏဿ- ပုဏ္ဏား၏၊ ဝစနံ- စကားကို၊ (ပဋိဿုတွာ) ပဋိဿုဏိတွာ- ဝန်ခံ၍၊ ယေန- အကြင်အရပ်၌၊ စမ္ပေယျကာ- စမ္ပာပြည်၌ နေကုန်သော၊ ဗြာဟ္မဏဂဟပတိကာ- ပုဏ္ဏား သူကြွယ်တို့သည်၊ အတ္ထိ သန္တိ- ရှိကုန်၏၊ တေန- ထိုပုဏ္ဏားသူကြွယ်တို့ ရှိရာအရပ်သို့၊ ဥပသင်္ကမိ- ကပ်လေ၏၊ ဥပသင်္ကမိတွာ- ကပ်လေပြီး၍၊ စမ္ပေယျကေ- စမ္ပာပြည်၌ နေကုန်သော၊ ဗြာဟ္မဏဂဟပတိကေ-

ပုဏ္ဏားသူကြွယ်တို့ကို၊ ဘော- အရှင်တို့၊ သောဏဒဏ္ဍော- သောဏဒဏ္ဍအမည်ရှိသော၊ ဗြာဟ္မဏော- ပုဏ္ဏားသည်၊ ဘောန္တော- အရှင်တို့၊ အာဂမေန္တု- ငံ့လင့်၍နေကုန်ဦးလော၊ သောဏဒဏ္ဍော- သောဏဒဏ္ဍအမည်ရှိသော၊ ဗြာဟ္မဏောပိ- ပုဏ္ဏားသည်လည်း၊ သမဏံ ဂေါတမံ- ရဟန်းဂေါတမကို၊ ဒဿနာယ- ဖူးမြင်ခြင်းငှာ၊ ဥပသင်္ကမိဿတိ ကိရ- ကပ်လတ္တံ့သတတ်၊ ဣတိ ဧဝံ- ဤသို့၊ အာဟ- ဆို၏၊ ဣတိ ဧတံ ဝစနံ- ဤသို့သော စကားကို၊ အဝေါစ- ဆို၏။

## သောဏဒဏ္ဍဂုဏကထာ

၃၀၃။ တေန ခေါ ပန သမယေန- ထိုအခါ၌၊ နာနာဝေရဇ္ဇကာနံ- အထူးထူး အပြားပြားရှိကုန်သောကာသိတိုင်း ကောသလတိုင်း စသည်တို့၌ ဖြစ်ကုန်သော၊ ဗြာဟ္မဏာနံ- ပုဏ္ဏားတို့၏၊ ပဉ္စမတ္တာနိ ဗြာဟ္မဏသတာနိ- ငါးရာအတိုင်း အရှည်ရှိကုန်သော ပုဏ္ဏားတို့သည်၊ စမ္ပာယံ- စမ္ပာပြည်၌၊ ကေနစိဒေဝ- တစ်စုံတစ်ခု သောလျှင် ဖြစ်သော၊ ကရဏီယေန- ကိစ္စကြောင့်၊ ပဋိဝသန္တိ- နေကုန်၏၊ တေ ဗြာဟ္မဏာ- ထိုပုဏ္ဏားတို့သည်၊ သောဏ ဒဏ္ဍော- သောဏဒဏ္ဍအမည်ရှိသော၊ ဗြာဟ္မဏော- ပုဏ္ဏားသည်၊ သမဏံ ဂေါတမံ- ရဟန်းဂေါတမကို၊ ဒဿနာယ- ဖူးမြင်ခြင်းငှာ၊ ဥပသင်္ကမိဿတိ ကိရ- ကပ်လတ္တံ့သတတ်၊ ဣတိ- ဤသို့၊ အဿောသုံ ခေါ- ကြားကုန်သလျှင် ကတည်း၊ အထ ခေါ- ထိုအခါ၌၊ တေ ဗြာဟ္မဏာ- ထိုပုဏ္ဏားတို့သည်၊ ယေန- အကြင်အရပ်၌၊ သောဏဒဏ္ဍော- သောဏဒဏ္ဍ အမည်ရှိသော၊ ဗြာဟ္မဏော- ပုဏ္ဏားသည်၊ အတ္ထိ- ရှိ၏၊ တေန- ထိုပုဏ္ဏားရှိရာ အရပ်သို့၊ ဥပသင်္ကမိံသု- ကပ်လေကုန်၏၊ ဥပသင်္ကမိတွာ- ကပ်လေကုန်ပြီး၍၊ သောဏဒဏ္ဍံ- သောဏဒဏ္ဍအမည်ရှိသော၊ ဗြာဟ္မဏံ- ပုဏ္ဏားကို၊ ဘဝံ သောဏဒဏ္ဍော- အရှင်သော ဏဒဏ္ဍသည်၊ သမဏံ ဂေါတမံ- ရဟန်းဂေါတမကို၊ ဒဿနာယ- ဖူးမြင်ခြင်းငှာ၊ ဥပသင်္ကမိဿတိ- ကပ်လတ္တံ့ဟူသည်ကား၊ သစ္စံ ကိရ- မှန်သလော၊ ဣတိ ဧတံ ဝစနံ- ဤ သို့သောစကားကို၊ အဝေါစုံ- ဆိုကုန်၏၊ ဘော- အရှင်တို့၊ မေ- ငါအား၊ ဧဝံ- ဤသို့သော အကြံသည်၊ ဟောတိ- ဖြစ်၏၊ ကိံ ဟောတိ- အဘယ်သို့ ဖြစ်သနည်း၊ အဟမ္ပိ- ငါသည်လည်း၊ သမဏံ ဂေါတမံ- ရဟန်းဂေါတမကို၊ ဒဿနာယ- ဖူးမြင်ခြင်းငှာ၊ ဥပသင်္ကမိဿာမိ- ကပ်အံ့၊ ဣတိ ဧဝံ- ဤသို့သော အကြံသည်၊ ဟောတိ- ဖြစ်၏။

ဘဝံ သောဏဒဏ္ဍော- အရှင်သောဏဒဏ္ဍသည်၊ သမဏံ ဂေါတမံ- ရဟန်းဂေါတမကို၊ ဒဿနာယ- ဖူးမြင်ခြင်းငှာ၊ မာ ဥပသင်္ကမိ- မကပ်လင့်၊ ဘဝံ

သောဏဒဏ္ဍော- အရှင်သောဏဒဏ္ဍသည်၊ သမဏံ ဂေါတမံ- ရဟန်းဂေါတမကို၊ ဒဿနာယ- ဖူးမြင်ခြင်းငှာ၊ ဥပသင်္ကမိတုံ- ကပ်ခြင်းငှာ၊ န အရဟတိ- မထိုက်၊ ဘဝံ သောဏဒဏ္ဍော- အရှင်သောဏဒဏ္ဍသည်၊ သမဏံ ဂေါတမံ- ရဟန်းဂေါတမကို၊ ဒဿနာယ- ဖူးမြင်ခြင်းငှာ၊ သစေ ဥပသင်္ကမိဿတိ- အကယ်၍ ကပ်အံ့၊ *(၁၀၆) ဘောတော သောဏ ဒဏ္ဍဿ- အရှင်သောဏဒဏ္ဍ၏၊ ယသော- အခြံအရံသည်၊ ဟာယိဿတိ- ယုတ်လတ္တံ့၊ သမဏဿ ဂေါတမဿ- ရဟန်းဂေါတမ၏၊ ယသော- အခြံအရံသည်၊ အဘိဝဍ္ဎိဿတိ- ပွါးလတ္တံ့၊ ဘောတော သောဏဒဏ္ဍဿ- အရှင်သောဏဒဏ္ဍ၏၊ ယသော- အခြံအရံသည်၊ ယမ္ပိ ဟာယိဿတိ- အကြင်ကြောင့် ယုတ်လတ္တံ့၊ သမဏဿ ဂေါတမဿ- ရဟန်းဂေါတမ၏၊ ယသော- အခြံအရံသည်၊ ယမ္ပိ အဘိဝဍ္ဎိဿတိ- အကြင်ကြောင့် ပွါးလတ္တံ့၊ ဣမိနာ အင်္ဂေနပိ- ဤအကြောင်းဖြင့်လည်း၊ ဘဝံ သောဏဒဏ္ဍော- အရှင်သောဏဒဏ္ဍသည်၊ သမဏံ ဂေါတမံ- ရဟန်းဂေါတမကို၊ ဒဿနာယ- ဖူးမြင်ခြင်းငှာ၊ ဥပသင်္ကမိတုံ- ကပ်ခြင်းငှာ၊ န အရဟတိ- မထိုက်၊ သမဏော ဂေါတမောတွေဝ- ရဟန်းဂေါတမသည်သာလျှင်၊ ဘဝန္တံ သောဏဒဏ္ဍံ- အရှင်သောဏဒဏ္ဍကို၊ ဒဿနာယ- ဖူးမြင်ခြင်းငှာ၊ ဥပသင်္ကမိတုံ- ကပ်ခြင်းငှာ၊ အရဟတိ- ထိုက်၏။

ဘဝံ သောဏဒဏ္ဍော- အရှင်သောဏဒဏ္ဍသည်၊ မာတိတော စ- အမိအဘို့မှလည်းကောင်း၊ ပိတိတော စ- အဘအဘို့မှလည်းကောင်း၊ ဥဘတော- နှစ်ပါးစုံသော အဘို့မှလည်းကောင်း၊ သုဇာတော- ကောင်းစွာ ဖြစ်၏၊ ယာဝ သတ္တမာ ပိတာမဟယုဂါ- ဘိုးဘေးခုနစ်ဆက်တိုင်အောင်၊ သံသုဒ္ဓဂဟဏိကော- စင်ကြယ်သော အမိဝမ်းတိုက်ရှိ၏၊ ဇာတိဝါဒေန- ဇာတ်ကို အကြောင်းပြု၍ ဖြစ်သော စကားဖြင့်၊ အက္ခိတ္တော- မပယ်အပ်၊ အနုပက္ကုဋ္ဌော- မကဲ့ရဲ့အပ်၊ ဘဝံ သောဏဒဏ္ဍော- အရှင်သောဏဒဏ္ဍ သည်၊ မာတိတော စ- အမိအဘို့မှလည်းကောင်း၊ ပိတိတော စ- အဘ အဘို့မှလည်းကောင်း၊ ဥဘတော- နှစ်ပါးစုံသော အဘို့မှ၊ ယမ္ပိ သုဇာတော- အကြင်ကြောင့် ကောင်းစွာ ဖြစ်၏၊ ယာဝ သတ္တမာ ပိတာမဟယုဂါ- ဘိုးဘေးခုနစ်ဆက်တိုင်အောင်၊ ယမ္ပိ သံသုဒ္ဓဂဟဏိကော- အကြင်ကြောင့် စင်ကြယ်သော အမိဝမ်းတိုက်ရှိ၏၊ ဇာတိဝါဒေန- ဇာတ်ကိုအကြောင်းပြု၍ ဖြစ်သော စကားဖြင့်၊ ယမ္ပိ အက္ခိတ္တော- အကြင်ကြောင့် မပယ်အပ်၊ ယမ္ပိ အနုပက္ကုဋ္ဌော- အကြင်ကြောင့် မကဲ့ရဲ့အပ်၊ ဣမိနာ အင်္ဂေနပိ- ဤ အကြောင်းဖြင့်လည်း၊ ဘဝံ သောဏဒဏ္ဍော- အရှင်သောဏဒဏ္ဍသည်၊ သမဏံ ဂေါတမံ- ရဟန်းဂေါတမကို၊ ဒဿနာယ- ဖူးမြင်ခြင်းငှာ၊ ဥပသင်္ကမိတုံ- ကပ်ခြင်းငှာ၊ န အရဟတိ- မထိုက်၊

သမဏော ဂေါတမော တွေဝ- ရဟန်းဂေါတမသည်သာလျှင်၊ ဘဝန္တံ သောဏဒဏ္ဍံ-
အရှင် သောဏဒဏ္ဍကို၊ ဒဿနာယ- ဖူးမြင်ခြင်းငှာ၊ ဥပသင်္ကမိတုံ- ကပ်ခြင်းငှာ၊
အရဟတိ- ထိုက်၏။

ဘဝံ ဟိ သောဏဒဏ္ဍော- အရှင်သောဏဒဏ္ဍသည်သာလျှင်၊ အဍ္ဎော-
ကြွယ်ဝ၏၊ မဟဒ္ဓနော- များသော ဥစ္စာနှင့် ပြည့်စုံ၏၊ မဟာ ဘောဂေါ။ပ။ ဘဝံ ဟိ
သောဏဒဏ္ဍော- အရှင်သောဏဒဏ္ဍသည် သာလျှင်၊ အဇ္ဈာယကော- ဗေဒင်သုံးပုံကို
သရဇ္ဈာယ်တတ်၏၊ မန္တဓရော- ဗေဒင်သုံးပုံကို ဆောင်တတ်၏၊ သနိဃဏ္ဍု
ကေဋုဘာနံ- နိဃဏ္ဍုကျမ်းနှင့် တကွ ဖြစ်ကုန်သော၊ အက္ခရပ္ပဘေဒါနံ- အက္ခရာ
အပြားကိုပြတတ်သော ကျမ်းနှင့် တကွ ဖြစ်ကုန်သော၊ ဣတိ ဟာသပဉ္စမာနံ- ဣတိ
ဟာသကျမ်းလျှင် ငါးခုမြောက်ရှိကုန်သော၊ တိဏ္ဏံ- သုံးပုံကုန်သော၊ ဝေဒါနံ (ဘေဒါနံ)-
ဗေဒင်တို့ကို၊ ပါရဂူ- အဆုံးတိုင်အောင်သိတတ်၏၊ ပဒကော- ဗေဒင်သုံးပုံကို
သင်တတ်၏၊ ဝေယျာကရဏော- ဝေယျာကရုဏ်းကိုသင်တတ်၏၊ လောကာယတ
မဟာပုရိသလက္ခဏေသု- လောကာယတကျမ်း ယောကျ်ား မြတ်တို့၏လက္ခဏာကို
ပြတတ်သောကျမ်းတို့၌၊ အနဝယော- အကြွင်းမဲ့ တတ်၏။ပ။ ဘဝံ ဟိ သောဏ
ဒဏ္ဍော- အရှင်သောဏဒဏ္ဍသည်သာလျှင်၊ အဘိရူပေါ- အလွန်အဆင်းလှ၏၊
ဒဿနီယော- ရှုချင်ဖွယ် ရှိ၏၊ ပါသာဒိကော- ကြည်ညိုဖွယ်ရှိ၏၊ ပရမာယ-
အလွန်မြတ်သော၊ ဝဏ္ဏပေါက္ခရတာယ- အဆင်းကောင်းသည်၏ အဖြစ်နှင့်၊
သမန္နာဂတော- ပြည့်စုံ၏၊ ဗြဟ္မဝဏ္ဏီ- မြတ်သော ရွှေစင်အဆင်းနှင့်
တူသောအဆင်းရှိ၏၊ ဗြဟ္မဝစ္ဆသီ- ဗြဟ္မာမင်း၏ကိုယ်နှင့် တူသောကိုယ်ရှိ၏၊ [ဗြဟ္မဝိ
(သ) ဗြဟ္မဝစ္စသီ။] ဒဿနာယ- ရှုခြင်းငှာ၊ အခုဒ္ဒါဝကာသော- မငယ်သော အရာရှိ၏။
ပ။ ဘဝံ ဟိ သောဏဒဏ္ဍော- အရှင်သောဏဒဏ္ဍသည် သာလျှင်၊ သီလဝါ-
သီလရှိ၏၊ ဝုဒ္ဓသီလီ- ပွားပြီးသောသီလရှိ၏၊ ဝုဒ္ဓသီလေန- ပွားပြီးသော သီလနှင့်၊
သမန္နာဂတော- ပြည့်စုံ၏။ပ။ ဘဝံ သောဏဒဏ္ဍော- အရှင်သောဏဒဏ္ဍသည်၊
ကလျာဏဝါစော- ကောင်း သောစကားရှိ၏၊ ကလျာဏဝါက္ကရဏော-
သာယာပြေပြစ်သောစကားရှိ၏၊ ပေါရိယာ- ပြည်ကြီး၌ နေသောမိန်းမ၏
နူးညံ့သိမ်မွေ့စွာ သောကိုယ်နှင့် တူသော၊ ဝိဿဋ္ဌာယ- သန့်ရှင်းစွာ သော၊
[(အနေလဂလာယ- ဆဋ္ဌမူ) အနေဠဂလာယ (သ၊ ပ)] အနေလဂဠာယ (က)-
လျှာရည်မယိုသော၊ အတ္ထဿ- အနက်ကို၊ ဝိညာပနိယာ- သိစေခြင်းငှာ စွမ်းနိုင်သော၊
ဝါစာယ- စကားနှင့်၊ သမန္နာဂတော- ပြည့်စုံ၏။ပ။ ဘဝံ ဟိ သောဏဒဏ္ဍော-
အရှင်သောဏဒဏ္ဍသည်သာလျှင်၊ ဗဟူနံ- များစွာ ကုန်သော ပုဏ္ဏားတို့၏၊

အာစရိယပါစရိယော- ဆရာ ဆရာ၏ ဆရာတည်း၊ တိဏ္ဏံ မာဏဝကသတာနံ- သုံးရာသောလုလင်တို့ကို၊ မန္တေ- ဗေဒင်တို့ကို၊ ဝါစေတိ- သင်စေ၏။ ဗဟူ- များစွာကုန်သော၊ နာနာဒိသာ- အထူးထူး သော အရပ်၌ နေကုန်သော၊ မာဏဝကာ- လုလင်တို့သည်၊ နာနာဇနပဒါ- အထူးထူးသော ဇနပုဒ်မှ၊ *(၁၀၇) သောတော သောဏဒဏ္ဍသ- အရှင် သောဏဒဏ္ဍ၏။ သန္တိကေ- အထံ၌၊ မန္တတ္ထိကာ- ဗေဒင်ကို အလိုရှိကုန်သည် ဖြစ်၍၊ မန္တေ- ဗေဒင်တို့ကို၊ အဓိယိတုကာမာ- သင်ခြင်းငှာ အလိုရှိကုန်သည် ဖြစ်၍၊ အာဂစ္ဆန္တိ- လာကုန်၏။ပ။ ဘဝံ ဟိ သောဏဒဏ္ဍော- အရှင်သောဏ ဒဏ္ဍသည်သာလျှင်၊ ဇိဏ္ဏော- အိုမင်းပြီ၊ ဝုဍ္ဎော- ကြီးသော အရွယ်သို့ ရောက်ပြီ၊ မဟလ္လကော- ဇာတ်အားဖြင့်လည်းကြီးပြီ၊ အဒ္ဓဂတော- ရှည် သော အခွန့်သို့ ရောက်ပြီ၊ ဝယောအနုပ္ပတ္တော- ပစ္ဆိမအရွယ်သို့ ရောက်ပြီ၊ သမဏော ဂေါတမော- ရဟန်းဂေါတမသည်၊ တရုဏော စေဝ- ငယ်လည်းငယ်သေး၏၊ တရုဏပဗ္ဗဇိတော စ- ငယ်သော ရဟန်းပြုခြင်း လည်းရှိ၏။ပ။ ဘဝံ ဟိ သောဏဒဏ္ဍော- အရှင်သောဏဒဏ္ဍကိုသာလျှင်၊ မာဂဓသ- မဂဓတိုင်းကို အစိုးရသော၊ သေနိယသ- များသော စစ်သည် ရှိသော၊ ဗိမ္ဗိသာရသ- ဗိမ္ဗိသာရ အမည်ရှိသော၊ ရညော- မင်းသည်၊ သက္ကတော- အရိုအသေပြုအပ်၏၊ ဂရုကတော- အလေးအမြတ်ပြုအပ်၏၊ မာနိတော- မြတ်နိုးအပ်၏၊ ပူဇိတော- ပူဇော်အပ်၏၊ အပစိတော- ဆည်း ကပ်အပ်၏။ ပ။ ဘဝံ ဟိ သောဏဒဏ္ဍော- အရှင်သောဏဒဏ္ဍကိုသာလျှင်၊ ပေါက္ခရသာတိသ- ပေါက္ခရသာတိ အမည်ရှိသော၊ ဗြာဟ္မဏသ- ပုဏ္ဏားသည်၊ သက္ကတော- အရိုအသေပြုအပ်၏၊ ဂရုကတော- အလေး အမြတ်ပြုအပ်၏၊ မာနိတော- မြတ်နိုးအပ်၏၊ ပူဇိတော- ပူဇော်အပ်၏၊ အပစိတော- ဆည်းကပ်အပ်၏၊ ဘဝံ ဟိ သောဏဒဏ္ဍော- အရှင်သော ဏဒဏ္ဍသည်သာလျှင်၊ သတ္တုဿဒံ- များသောလူမျိုး ဆင်ယာဉ် မြင်းယာဉ် အစရှိသော သတ္တဝါတို့ဖြင့်ပြည့်သော၊ သတိဏကဋ္ဌောဒကံ- များသော မြက်ထင်းရေရှိသော၊ သဓညံ- များသောဥစ္စာစပါးရှိသော၊ ရာဇဘောဂ္ဂံ- မင်းမှရအပ်သောစည်းစိမ်ဖြစ်သော၊ မာဂဓေန- မဂဓတိုင်းကို အစိုးရသော၊ သေနိယေန- များသောစစ်သည်ရှိသော၊ ဗိမ္ဗိသာရေန- ဗိမ္ဗိသာရ အမည်ရှိ သော၊ ရညာ- မင်းသည်၊ ဒိန္နံ- ပေးအပ်သော၊ ရာဇဒါယံ- မင်း၏ အမွေ ဥစ္စာဖြစ်သော၊ ဗြဟ္မဒေယျံ- မြတ်သော ပေးခြင်းဖြင့်ပေးအပ်သော၊ စမ္ပံ- စမ္ပာပြည်၌၊ အဇ္ဈာဝသတိ- စိုးအုပ်၍နေ၏၊ ဘဝံ သောဏဒဏ္ဍော- အရှင် သောဏဒဏ္ဍသည်၊ သတ္တုဿဒံ- များသောလူမျိုး ဆင်ယာဉ် မြင်းယာဉ် အစရှိသော သတ္တဝါတို့ဖြင့်ပြည့်သော၊ သတိဏကဋ္ဌောဒကံ- များသော မြက်ထင်းရေရှိသော၊ သဓညံ- များသောဥစ္စာ

စပါးရှိသော၊ ရာဇဘောဂ္ဂံ- မင်းမှ ရအပ်သောစည်းစိမ်ဖြစ်သော၊ မာဂဓေန- မဂဓတိုင်းကို အစိုးရသော၊ သေနိယေန- များသောစစ်သည်ရှိသော၊ ဗိမ္ဗိသာရေန- ဗိမ္ဗိသာရ အမည်ရှိ သော၊ ရညာ- မင်းသည်၊ ဒိန္နံ- ပေးအပ်သော၊ ရာဇဒါယံ- မင်း၏ အမွေ ဥစ္စာဖြစ်သော၊ ဗြဟ္မဒေယျံ- မြတ်သောပေးခြင်းဖြင့် ပေးအပ်သော၊ စမ္ပံ- စမ္ပာပြည်၌၊ ယမ္ပိ အဇ္ဈာဝသတိ- အကြင်ကြောင့်စိုးအုပ်၍နေ၏၊ ဣမိနာ အင်္ဂေနပိ- ဤအကြောင်းဖြင့်လည်း၊ ဘဝံ သောဏဒဏ္ဍော- အရှင် သောဏဒဏ္ဍသည်၊ သမဏံ ဂေါတမံ- ရဟန်းဂေါတမကို၊ ဒဿနာယ- ဖူးမြင်ခြင်းငှာ၊ ဥပသင်္ကမိတုံ- ကပ်ခြင်းငှာ၊ န အရဟတိ- မထိုက်၊ သမဏော ဂေါတမော တွေဝ- ရဟန်းဂေါတမသည်သာလျှင်၊ ဘဝန္တံ သောဏဒဏ္ဍံ- အရှင်သောဏဒဏ္ဍသို့၊ ဒဿနာယ- ဖူးမြင်ခြင်းငှာ၊ ဥပသင်္ကမိတုံ- ကပ်ခြင်းငှာ၊ အရဟတိ- ထိုက်၏၊ ဣတိ- ဤသို့၊ အဝေါစုံ- ဆိုကုန်၏။

## ဗုဒ္ဓဂုဏကထာ

၃၀၄။ ဧဝံ- ဤသို့၊ ဝုတ္တေ- ဆိုအပ်သည်ရှိသော်၊ သောဏဒဏ္ဍော- သောဏဒဏ္ဍ အမည်ရှိသော၊ ဗြာဟ္မဏော- ပုဏ္ဏားသည်၊ တေ ဗြာဟ္မဏေ- ထိုပုဏ္ဏားတို့ကို၊ ဘော- အချင်းတို့၊ "တေန ဟိ- ထိုသို့ တပြီးကား၊ မမပိ- ငါ၏လည်း၊ ဝစနံ- စကားကို၊ သုဏာထ- သင်တို့သည်၊ သုဏာထ- နာကုန်လော၊ ယထာ ယေန ကာရဏေန- အကြင်သို့သော အကြောင်းကြောင့်၊ မယမေဝ- ငါတို့သည်သာလျှင်၊ တံ ဘဝန္တံ ဂေါတမံ- ထိုအရှင်ဂေါတမကို၊ ဒဿနာယ- ဖူးမြင်ခြင်းငှာ၊ ဥပသင်္ကမိတုံ- ကပ်ခြင်းငှာ၊ အရဟာမ- ထိုက်ကုန်၏၊ သောဘဝံ ဂေါတမော- ထိုအရှင်ဂေါတမ သည်၊ အမှာကံ- ငါတို့ကို၊ ဒဿနာယ- ဖူးမြင်ခြင်းငှာ၊ ဥပသင်္ကမိတုံ- ကပ်ခြင်းငှာ၊ နတွေဝ အရဟတိ- မထိုက်၊ တံ ကာရဏံ- ထိုအကြောင်းကို၊ အဟံ- ငါသည်၊ ဝေါ- သင်တို့အား၊ ပကာသယိဿာမိ- ထင်စွာပြအံ့၊ ဘော- အရှင်တို့၊ သမဏော ဂေါတမော- ရဟန်းဂေါတမသည်၊ မာတိတော စ- အမိအဘို့မှလည်းကောင်း၊ ပိတိတော စ- အဘအဘို့မှ လည်းကောင်း၊ ဥဘတော- နှစ်ပါးစုံသောအဘို့မှ၊ သုဇာတော ခလု- ကောင်းစွာ ဖြစ်သတတ်၊ ယာဝ သတ္တမာ ပိတာမဟယုဂါ- ဘိုးဘေး ခုနစ်ဆက် တိုင်အောင်၊ သံသုဒ္ဓဂဟဏိကော ခလု- စင်ကြယ်သော အမိ ဝမ်းတိုက် ရှိသတတ်၊ ဇာတိဝါဒေန- ဇာတ်ကိုအကြောင်းပြု၍ ဖြစ်သော စကားဖြင့်၊ အက္ခိတ္တော- မပယ်အပ်၊ အနုပက္ကုဋ္ဌော- မကဲ့ရဲ့အပ်၊ ဘော- အရှင်ပုဏ္ဏားတို့၊ သမဏော ဂေါတမော- ရဟန်းဂေါတမသည်၊ မာတိတော စ- အမိအဘို့မှလည်းကောင်း၊ ပိတိတော စ- အဘအဘို့မှလည်းကောင်း၊ ဥဘတော- နှစ်ပါးစုံသော အဘို့မှ၊ ယမ္ပိ

သုဇာတော- အကြင်ကြောင့် ကောင်းစွာ ဖြစ်၏၊ ယာဝ သတ္တမာ ပိတာမဟယုဂါ- ဘိုးဘေးခုနစ်ဆက် တိုင်အောင်၊ ယမှိ သံသုဒ္ဓဂဟဏီကော- အကြင်ကြောင့် စင်ကြယ်သော အမိဝမ်းတိုက်ရှိ၏၊ ဇာတိဝါဒေန- ဇာတ်ကိုအကြောင်းပြု၍ ဖြစ်သော စကားဖြင့်၊ ယမှိ အက္ခိတ္တော- အကြင်ကြောင့် မပယ်အပ်၊ ယမှိ အနုပက္ကုဋ္ဌော- အကြင်ကြောင့် မကဲ့ရဲ့အပ်၊ ဣမိနာ အင်္ဂေနပိ- ဤအကြောင်းဖြင့် လည်း၊ ဘော ဘဝံ ဂေါတမော- ထိုအရှင်ဂေါတမသည်၊ အမှာကံ- ငါတို့ကို၊ ဒဿနာယ- ဖူးမြင်ခြင်းငှာ၊ ဥပသင်္ကမိတုံ- ကပ်ခြင်းငှာ၊ န အရဟတိ- မထိုက်၊ အထ ခေါ- စင်စစ်၊ မယမေဝ- ငါတို့သည်သာလျှင်၊ တံ ဘဝန္တံ ဂေါတမံ- ထိုအရှင်ဂေါတမကို၊ ဒဿနာယ- ဖူးမြင်ခြင်းငှာ၊ ဥပသင်္ကမိတုံ- ကပ်ခြင်းငှာ၊ အရဟာမ- ထိုက်ကုန်၏။

ဘော- အရှင်တို့၊ သမဏော ဂေါတမော- ရဟန်းဂေါတမသည်၊ မဟန္တံ- များစွာသော၊ ဉာတိသံဃံ- အဆွေအမျိုးအပေါင်းကို၊ ဩဟာယ- စွန့်၍၊ ပဗ္ဗဇိတော ခလု- ရဟန်းပြုသတတ်။ပ။ ဘော- အရှင်တို့၊ သမဏော ဂေါတမော- ရဟန်းဂေါတမသည်၊ ပဟုတံ- များစွာသော၊ ဟိရညသုဝဏ္ဏံ- ရွှေငွေကို၊ ဩဟာယ- စွန့်၍၊ ပဗ္ဗဇိတော ခလု- ရဟန်းပြုသတတ်၊ ဘူမိဂတဉ္စ- မြေ၌မြှုပ်၍ထားသော ဥစ္စာကိုလည်းကောင်း၊ ဝေဟာသဋ္ဌဉ္စ- ဟင်းလင်းသော အရပ်၌ထားသော ဥစ္စာကိုလည်းကောင်း၊ ဩဟာယ- စွန့်၍၊ ပဗ္ဗဇိတော ခလု- ရဟန်းပြုသတတ်။ပ။ ဘော- အရှင်တို့၊ သမဏော ဂေါတမော- ရဟန်းဂေါတမသည်၊ ဒဟရောဝ- ငယ်သေးသည်သာလျှင်၊ သမာနော- ဖြစ်လျက်၊ ယုဝါဧဝ- လုလင်ပျိုသည်သာလျှင်၊ သမာနော- ဖြစ်လျက်၊ သုသုဧဝ- အလွန်နုသေးသည်သာလျှင်၊ သမာနော- ဖြစ်လျက်၊ ကာဠကေသောဧဝ- နက်သောဆံရှိသည်သာလျှင်၊ သမာနော- ဖြစ်လျက်၊ ဘဒြေန- ကောင်းသော၊ ယေဗ္ဗနေန- အရွယ်နှင့်၊ သမန္နာဂတော- ပြည့်စုံသည်ဖြစ်၍၊ ပဌမေန- ရှေ့ဦးစွာ သော၊ ဝယသာ- အရွယ်ဖြင့်၊ အဂါရသ္မာ- အိမ်ရာထောင်သောသူ၏ဘောင်မှ၊ နိက္ခမိတွာ- ထွက်၍၊ အနဂါရိယံ- အိမ်ရာမထောင်သောရဟန်း၏ဘောင်၌၊ ပဗ္ဗဇိတော ခလု- ရဟန်းပြုသတတ်။ပ။ ဘော- အရှင်တို့၊ သမဏဂေါတမော- ရဟန်း ဂေါတမသည်၊ အဿုမုခါနံ- မျက်ရည်တို့ဖြင့်စွတ်စိုသော မျက်နှာ ရှိကုန်သော၊ အကာမကာနံ- ရဟန်းပြုခြင်းငှာ အလိုမရှိကုန်သော၊ မာတာပိတူနံ- အမိအဘတို့သည်၊ ရုဒန္တာနံ- ငိုကြွေးကုန်စဉ်၊ ကေသမဿုံ- ဆံမုတ်ဆိတ်ကို၊ ဩဟာရေတွာ- ပယ်၍၊ ကာသာယာနိ- ဖန်ရည်စွန်း ကုန်သော၊ ဝတ္ထာနိ- အဝတ်တို့ကို၊ အစ္ဆာဒေတွာ- ဝတ်၍၊ အဂါရသ္မာ- အိမ်ရာထောင်သောလူ၏ဖောက်မှ၊ နိက္ခမိတွာ- ထွက်၍၊ အနာဂါရိယံ- အိမ်ရာမထောင်သောရဟန်း၏ဘောင်၌၊ ပဗ္ဗဇိတော ခလု- ရဟန်းပြုသတ်။။ပ။ ဘော-

အရှင်တို့၊ သမဏော ဂေါတမော- ရဟန်းဂေါတမသည်၊ အဘိရူပေါ- အလွန်
အဆင်းလှ၏၊ ပရမာယ- အလွန်မြတ်သော၊ ဝဏ္ဏပေါက္ခရတာယ- အဆင်းကောင်း
သည်၏ အဖြစ်နှင့်၊ သမန္နာဂတော ခလု- ပြည့်စုံသတတ်၊ ဗြဟ္မဝဏ္ဏီ ခလု-
မြတ်သောရွှေစင်အဆင်းနှင့် တူသော အဆင်းရှိသတတ်၊ ဗြဟ္မဝစ္ဆသီ ခလု-
ဗြဟ္မာမင်း၏ကိုယ်နှင့် တူသောကိုယ် ရှိသတတ်၊ အခုဒ္ဒါဝကာသော ခလု- ရှုခြင်းငှာ၊
အခုဒ္ဒါဝကာသော ခလု- မငယ်သော အရာရှိသတတ်။ပ။ ဘော- အရှင်တို့၊ သမဏော
ဂေါတမော- ရဟန်း ဂေါတမသည်၊ သီလဝါ ခလု- ကုသိုလ်ဖြစ်သော သီလရှိသတတ်၊
ကုသလသီလေန- ကုသိုလ်ဖြစ်သော သီလနှင့်၊ သမန္နာဂတော ခလု- ပြည့်စုံသတတ်။
ပ။ ဘော- အရှင်တို့၊ သမဏော ဂေါတမော- ရဟန်း ဂေါတမသည်၊
ကလျာဏဝါစော ခလု၊ ကောင်းသောစကားရှိသတတ်၊ ကလျာဏဝါက္ကရဏော ခလု-
သာယာပြေပြစ်သော စကားရှိသတတ်၊ ပေါရိယာ- ပြည်ကြီး၌ နေသောမိန်းမ၏
နူးညံ့သိမ်မွေ့စွာသော ကိုယ်နှင့် တူသော၊ ဝိဿဋ္ဌာယ- သန့်ရှင်းစွာသော၊
အနေလဂဠာယ- လျာရည် မယိုသော၊ အတ္ထဿ- အနက်ကို၊ ဝိညာပနိယာ-
သိစေခြင်းငှာ စွမ်းနိုင် သော၊ ဝါစာယ- စကားနှင့်၊ သမန္နာဂတော ခလု- ပြည့်စုံသတတ်။
ပ။ ဘော- အရှင်တို့၊ သမဏော ဂေါတမော- ရဟန်းဂေါတမသည်၊ ဗဟူနံ- များစွာ
ကုန်သော ပုဏ္ဏားတို့၏၊ အာစရိယပါစရိယော ခလု- ဆရာ့ဆရာ၏ ဆရာဖြစ်သတတ်။
ပ။ ဘော- အရှင်တို့၊ သမဏော ဂေါတမော- ရဟန်း ဂေါတမသည်၊ ခီဏကာမရာဂေါ
ခလု- ကုန်ပြီးသောကာမရာဂရှိသတတ်၊ ဝိဂတစာပလ္လော ခလု- ကိုယ်ကိုတန်ဆာ
ဆင်ခြင်းတည်းဟူသော လျှပ်ပေါ်ခြင်းမှ ကင်းသတတ်။ပ။ ဘော- အရှင်တို့၊ သမဏော
ဂေါတမော- ရဟန်းဂေါတမသည်၊ ကမ္မဝါဒီ ခလု- ကံသာဟုယူလေရှိသတတ်၊
ဗြဟ္မညာယ- မြတ်သောအလိုကုသ္ခာရှိသော၊ ပဇာယ- သာရိပုတ္တရာ မောဂ္ဂလာန်
မဟာကဿပ အစရှိသော ပရိသတ်နှင့်၊ သဒ္ဓိံ- တကွ၊ အပါပပုရေက္ခာရော ခလု-
လောကုတ္တရာတရားကို၊ ရှေးရှုသည်ကိုပြု၍ ကျင့်သတတ်။ပ။ ဘော- အရှင်တို့၊
သမဏော ဂေါတမော- ရဟန်းဂေါတမ သည်၊ ဥစ္စာ- မြတ်သော၊ ကုလာ- အမျိုးမှ၊
(နိက္ခမိတွာ- ထွက်၍၊) ပဗ္ဗဇိတော ခလု- ရဟန်းပြုသတတ်၊ အသမ္ဘိန္နခတ္တိယကုလာ-
မပျက်သော မင်းမျိုးမှ၊ (နိက္ခမိတွာ- ထွက်၍၊) (ပဗ္ဗဇိတော ခလု- ရဟန်းပြုသတတ်၊)။
။ပ။ ဘော- အရှင်တို့၊ သမဏော ဂေါတမော- ရဟန်းဂေါတမသည်၊ အဍ္ဍာ-
ကြွယ်ဝသော၊ ကုလာ- အမျိုးမှ၊ နိက္ခမိတွာ- ထွက်၍၊ ပဗ္ဗဇိတော ခလု-
ရဟန်းပြုသတတ်၊ မဟဒ္ဓနာ- များသော ဥစ္စာရှိသော၊ ကုလာ- အမျိုးမှ၊ (နိက္ခမိတွာ-
ထွက်၍၊ ပဗ္ဗဇိတော ခလု- ရဟန်းပြုသတတ်၊)။ပ။ *(၁၀၉) ဘော- အရှင်တို့၊ သမဏံ

ဂေါတမံ- ရဟန်းဂေါတမကို၊ တိရောရဋ္ဌာ- တိုင်းတပါးမှလည်းကောင်း၊ တိရောဇနပဒါ- ဇနပုဒ်တပါးမှလည်းကောင်း၊ ပဥှံ- ပြဿနာကို၊ ပုစ္ဆိတုံ- မေးခြင်းငှာ၊ အာဂစ္ဆန္တိ ခလု- လာကုန်သတတ်။ပ။ ဘော- အရှင်တို့၊ သမဏံ ဂေါတမံ- ရဟန်းဂေါတမသို့၊ အနေကာနိ- များစွာ ကုန်သော၊ ဒေဝတာသဟဿာနိ- နတ်တစ်ထောင်တို့သည်၊ ပါဏေဟိ- အသက်တို့ဖြင့်၊ သရဏံ- ကိုးကွယ် ခြင်းသို့၊ ဂတာနိ- ရောက်ကုန်သတတ်။ ပ။ ဘော- အရှင်တို့၊ သမဏံ ဂေါတမံ (သမဏဿ ဂေါတမဿ)- ရဟန်းဂေါတမ၏၊ ကလျာဏော- ကောင်းသော၊ ကိတ္တိသဒ္ဒေါ- ကျော်စောသော အသံသည်၊ ဧဝံ- ဤသို့၊ အဗ္ဘုဂ္ဂတော ခလု- ပြန့်နှံ့၍တက်သကတ်၊ (ကိံ အဗ္ဘုဂ္ဂတော- အဘယ်သို့ ပြန့်နှံ့၍တက်သနည်း၊) 'သော ဘဂဝါ- ထိုမြတ်စွာဘုရားသည်၊ ဣတိပိ (ဣမိနာ စ ကာရဏေန)- ဤသို့ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း၊ အရဟံ- အရဟမည်တော်မူ၏၊ ဣတိ ပဣမိနာ စ ကာရဏေန၊ ဤသို့မဖောက်မပြန် ကိုယ်တော်တိုင်သိတော်မူတတ်သော အကြောင်းကြောင့်လည်း၊ သမ္မာသမ္ဗုဒ္ဓေါ- သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏၊ ဣတိပိ (ဣမိနာ စ ကာရဏေန)- ဤသို့ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏ တစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း၊ ဝိဇ္ဇာစရဏသမ္ပန္နော- ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူ၏၊ (ဣတိပိ ဣမိနာ စ ကာရဏေန- ဤသို့ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း၊) သုဂတော- သုဂတမည်တော်မူ၏၊ (ဣတိပိ ဣမိနာ စ ကာရဏေန- ဤသို့လောကသုံးပါကို သိတော်မူတတ်သော အကြောင်းကြောင့်လည်း၊) လောကဝိဒူ- လောကဝိဒူမည်တော်မူ၏၊ (ဣတိပိ ဣမိနာ စ ကာရဏေန- ဤသို့ယောက်ျားတကာတို့ကို အတုမရှိ ဆုံးမတော်မူတတ်သော အကြောင်းကြောင့်လည်း၊) အနုတ္တရောပုရိသ ဒမ္မသာရထိ- အနုတ္တရောပုရိသဒမ္မသာရထိမည် တော်မူ ၏၊ (ဣတိပိ ဣမိနာ စ ကာရဏေန- ဤသို့နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း၊) သတ္ထာဒေဝ မနုဿာနံ- သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (ဣတိပိ ဣမိနာ စ ကာရဏေန- ဤသို့သစ္စာလေးပါး တရားတို့ကို သိတော်မူတတ်သော အကြောင်းကြောင့်လည်း၊) ဗုဒ္ဓေါ- ဗုဒ္ဓ မည်တော်မူ၏၊ (ဣတိပိ ဣမိနာ စ ကာရဏေန- ဤသို့ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း၊) ဘဂဝါ- ဘဂဝါမည်တော်၏၊' ဣတိ- ဤသို့၊ (အဗ္ဘုဂ္ဂတော ခလု- ပြန့်နှံ့၍တက် သတတ်၊)။ပ။ ဘော- အရှင်တို့၊ သမဏော ဂေါတမော- ရဟန်းဂေါတမ သည်၊ ဒွတ္တိံသမဟာပုရိသလက္ခဏေဟိ- သုံးဆယ့်နှစ်ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာတို့နှင့်၊ သမန္နာဂတော ခလု- ပြည့်စုံသတတ်။ပ။ ဘော-

အရှင်တို့၊ သမဏော ဂေါတမော- ရဟန်းဂေါတမသည်၊ ဧဟိ သွာဂတဝါဒီ ခလု-
လာသည်ကောင်းပါ၏ဟု ဆိုသတတ်၊ သခိလော (ခလု)- နူးညံ့သိမ်မွေ့သော
စကားရှိသတတ်၊ သမ္မောဒကော (ခလု)- ဝမ်းမြောက်ဝမ်းသာ ပြောဟောသတတ်၊
အဗ္ဘာကုဋိကော (ခလု)- မျက်မှောင် တကြုတ်ကြုတ် မပြုသတတ်၊ ဥတ္တာနမုခေါ
(ခလု)- ရွှင်သော မျက်နှာရှိသတတ်၊ ပုဗ္ဗဘာသီ (ခလု)- ပြုံးခြင်း ရှေးရှိသောစကားကို
ဆိုသတတ်။ပ။ ဘော- အရှင်တို့၊ သမဏော ဂေါတမော- ရဟန်းဂေါတမ ကို၊ စတုန္န-
လေးပါးကုန်သော၊ ပရိသာနံ- ပရိသတ်တို့သည်၊ သက္ကတော ခလု- အရိုအသေ
ပြုအပ်သတတ်၊ ဂရုကတော (ခလု)- အလေးအမြတ်ပြု အပ်သတတ်၊ မာနိတော
(ခလု)- မြတ်နိုးအပ်သတတ်၊ ပူဇိတော (ခလု)- ပူဇော်အပ်သတတ်၊ အပစိတော
(ခလု)- ဆည်းကပ်အပ်သတတ်။ပ။ ဘော- အရှင်တို့၊ သမဏံ ဂေါတမံ- သမဏော
ဂေါတမေ (ဆဋ္ဌ) ရဟန်း ဂေါတမကို၊ ဗဟူ- များစွာကုန်သော၊ ဒေဝါ စ-
နတ်တို့သည်လည်းကောင်း၊ မနုဿာ စ- လူတို့သည်လည်းကောင်း၊ အဘိပ္ပသန္နာ
ခလု- အလွန် ကြည်ညိုကုန်သတတ်။ပ။ ဘော- အရှင်တို့၊ သမဏော ဂေါတမော-
ရဟန်းဂေါတမသည်၊ ယသ္မိံ ဂါမေ ဝါ- အကြင်ရွာ၌လည်းကောင်း၊ ယသ္မိံ နိဂမေ
ဝါ- အကြင်နိဂုံး၌လည်းကောင်း၊ ပဋိဝသတိ- နေ၏၊ တသ္မိံ ဂါမေ ဝါ-
ထိုရွာ၌လည်းကောင်း၊ တသ္မိံ နိဂမေ ဝါ- ထိုနိဂုံး၌လည်းကောင်း၊ အမနုဿာ-
ဘီလူးတို့သည်၊ မနုဿေ- လူတို့ကို၊ န ဝိဟေဌေန္တိ ခလု- မညှဉ်းဆဲကုန်သတတ်။ပ။
ဘော- အရှင်တို့၊ သမဏော ဂေါတမော- ရဟန်းဂေါတမသည်၊ သံဃီ ခလု-
အပေါင်းသံဃာနှင့် ပြည့်စုံသတတ်၊ ဂဏီ (ခလု)- ဂိုဏ်းနှင့် ပြည့်စုံသတတ်၊
ဂဏာစရိယော (ခလု)- ဂိုဏ်းဆရာလည်း ဖြစ်သတတ်၊ ပုထု- များစွာကုန်သော၊
တိတ္ထကရာနံ- အယူကိုပြုတက်ကုန်သော သူတို့ထက်၊ အဂ္ဂံ (အဂ္ဂေါ ဣတိ)-
မြတ်၏ဟူ၍၊ အက္ခာယတိ (ခလု)- ဆိုအပ်သတတ်၊ ဘော- အရှင်တို့၊ ဧတေသံ
သမဏဗြာဟ္မဏာနံ- ထိုရဟန်းပုဏ္ဏားတို့၏၊ ယထာ ဝါ တထာ ဝါ- ဟူးဟူး
ဟြားဟြားသော အဝတ်မဝတ်ခြင်း အစရှိသော အကြောင်းဖြင့်၊ ယသော- အခြံအရံသည်၊
သမုဒါ ဂစ္ဆတိ ယထာ- ပွါးသကဲ့သို့၊ ဧဝံ (တထာ)- ထို အတူ၊ သမဏဿ ဂေါတမဿ-
ရဟန်းဂေါတမ၏၊ ယသော- အခြံ အရံသည်၊ န ဟိ သမုဒါ ဂတော- မပွါး၊ အထ
ခေါ- စင်စစ်သော်ကား၊ အနုတ္တရာယ- အတုမရှိသော၊ ဝိဇ္ဇာစရဏသမ္ပဒါယ-
ဝိဇ္ဇာစရဏ၏ ပြည့်စုံ ခြင်းဖြင့်၊ သမဏဿ ဂေါတမဿ- ရဟန်းဂေါတမ၏၊ ယသော-
အခြံအရံသည်၊ သမုဒါ ဂတော- ပွါး၏။ပ။ ဘော- အရှင်တို့၊ သမဏံ ဂေါတမံ-
ရဟန်းဂေါတမကို၊ မာဂဓော- မဂဓတိုင်းကို အစိုးရသော၊ သေနိယော- များသော

စစ်သည်ရှိသော ဗိမ္ဗိသာရအမည်ရှိသော၊ ရာဇာ- မင်းသည်၊ သပုတ္တော- သားနှင့်တကွ၊ သဘရိယော- မယားနှင့်တကွ၊ သပရိသော- ပရိသတ်နှင့်တကွ၊ သာမစ္စော- အမတ်နှင့်တကွ၊ ပါဏေဟိ- အသက်တို့ဖြင့်၊ သရဏံ- ကိုးကွယ်ခြင်းသို့၊ ဂတော ခလု- ရောက်သတတ်။။ပ။ *(၁၁၀) ဘော- အရှင်တို့၊ သမဏံ ဂေါတမံ- ရဟန်းဂေါတမကို၊ ပသေနဒိ ကောသလော- ပသေနဒိသောသလ အမည်ရှိသော၊ ရာဇာ- မင်းသည်၊ သပုတ္တော- သားနှင့်တကွ၊ သဘရိယော- မယားနှင့်တကွ၊ သပရိသော- ပရိသတ်နှင့်တကွ၊ သာမစ္စော- အမတ်နှင့်တကွ၊ ပါဏေဟိ- အသက်တို့ဖြင့်၊ သရဏံ- ကိုးကွယ်ခြင်းသို့၊ ဂတော ခလု- ရောက်သတတ်။။ပ။ ဘော- အရှင်တို့၊ သမဏံ ဂေါတမံ- ရဟန်းဂေါတမကို၊ ပေါက္ခရသာတိ- ပေါက္ခရသာတိ အမည်ရှိသော၊ ဗြာဟ္မဏော- ပုဏ္ဏား သည်၊ သပုတ္တော- သားနှင့်တကွ၊ သဘရိယော- မယားနှင့်တကွ၊ သပရိသော- ပရိတ်သတ်နှင့်တကွ၊ သာမစ္စော- အမတ်နှင့်တကွ၊ ပါဏေဟိ- အသက်တို့ဖြင့်၊ သရဏံ- ကိုးကွယ်ခြင်းသို့၊ ဂတော ခလု- ရောသတတ်။ ပ။ ဘော- အရှင်တို့၊ သမဏော ဂေါတမော- ရဟန်းဂေါတမ ကို၊ မာဂဓဿ- မရဓတိုင်းကို အစိုးရသော၊ သေနိယဿ- များသော စစ်သည်ရှိသော၊ ဗိမ္ဗိသာရဿ- ဗိမ္ဗိသာရ အမည်ရှိသော၊ ရညော- မင်း သည်၊ သက္ကတော ခလု- အရိုအသေ ပြုအပ်သတတ်၊ ဂရုမတော (ခလု)- အလေးအမြတ်ပြုအပ်သတတ်၊ မာနိတော (ခလု)- မြတ်နိုးအပ်သတတ်၊ ပူဇိတော (ခလု)- ပူဇော်အပ်သတတ်၊ အပစိတော (ခလု)- ဆည်းကပ် အပ်သတတ်။ပ။ ဘော- အရှင်တို့၊ သမဏော ဂေါတမော- ရဟန်းဂေါတမ ကို၊ ပသေနဒိဿ ကောသလဿ- ပသေနဒီကောသလ အမည်ရှိသော၊ ရညော- မင်းသည်၊ သက္ကတော  ခလု- အရိုအသေပြုအပ်သတတ်၊ ဂရုကတော (ခလု)- အလေးအမြတ် ပြုအပ်သတတ်၊ မာနိတော (ခလု)- မြတ်နိုးအပ်သတတ်၊ ပူဇိတော (ခလု)- ပူဇော်အပ်သတတ်၊ အပစိတော (ခလု)- ဆည်းကပ်အပ်သတတ်။ပ။ ဘော- အရှင်တို့၊ သမဏော ဂေါတမော- ရဟန်းဂေါတမကို၊ ပေါက္ခရသာတိဿ- ပေါက္ခရသာတိ အမည်ရှိသော၊ ဗြာဟ္မဏဿ- ပုဏ္ဏားသည်၊ သက္ကတော ခလု- အရို အသေ ပြုအပ်သတတ်၊ ဂရုကတော (ခလု)- အလေးအမြတ် ပြုအပ်သ တတ်၊ မာနိတော (ခလု)- မြတ်နိုးအပ်သတတ်၊ ပူဇိတော (ခလု)- ပူဇော် အပ်သတတ်၊ အပစိတော (ခလု)- ဆည်းကပ်သတတ်။ပ။ ဘော- အရှင်တို့၊ သမဏော ဂေါတမော- ရဟန်းဂေါတမကို၊ စမ္ပံ- စမ္ပာပြည်သို့၊ အနုပ္ပတ္တော- အစဉ်ရောက်သည်ဖြစ်၍၊ စမ္ပာယံ- စမ္ပာပြည်၌၊ ဂဂ္ဂရာယ- ဂဂ္ဂရာမည်သော မိဖုရားသည် ပြုအပ်သော၊ ပေါက္ခရဏိယာ- လေးယောင့် ကန်၏၊ တီရေ- ကမ်းနား၌၊ ဝိဟရတိ ခလု- နေသတတ်၊ ဘော-

အရှင်တို့၊ ယေ ကေစိ- အချို့ကုန်သော၊ သမဏာ ဝါ- ရဟန်းတို့သည်လည်းကောင်း၊ ဗြာဟ္မဏာ ဝါ- ပုဏ္ဏားတို့သည်လည်းကောင်း၊ အမှာကံ- ငါတို့၏၊ ဂါမခေတ္တံ- ဂါမခေတ်သို့၊ အာဂစ္ဆန္တိ- လာကုန်၏၊ တေ (သမဏဗြာဟ္မဏာ)- ထိုရဟန်း ပုဏ္ဏားတို့သည်၊ (အမှာကံ- ငါတို့၏၊) အတိထိနော- အသစ်ရောက်လာသော ဧည့်သည်တို့သည်၊ ဟောန္တိ- ဖြစ်ကုန်၏၊ အမှေဟိ- ငါတို့သည်၊ အတိထီ- အသစ်ရောက်လာသော ဧည့်သည်တို့ကို၊ သက္ကာတဗ္ဗာ- အရိုအသေပြုအပ်ကုန်၏၊ ဂရုကာတဗ္ဗာ- အလေးအမြတ် ပြုအပ်ကုန်၏၊ မာနေတဗ္ဗာ- မြတ်နိုးအပ်ကုန်၏၊ ပူဇေတဗ္ဗာ- ပူဇော် အပ်ကုန်၏၊ အပစေတဗ္ဗာ- ဆည်းကပ်အပ်ကုန်၏။ ဘော- အရှင်တို့၊ သမဏော ဂေါတမော- ရဟန်းဂေါတမသည်၊ စမ္ပံ- စမ္ပာပြည်သို့၊ အနုပ္ပတ္တော- အစဉ်ရောက်သည်ဖြစ်၍၊ စမ္ပာယံ- စမ္ပာပြည်၌၊ ဂဂ္ဂရာယ- ဂဂ္ဂရာမည်သော မိဖုရားသည် ပြုအပ်သော၊ ပေါက္ခရဏိယာ- လေးထောင့် ကန်၏၊ တီရေ- ကမ်းနား၌၊ ယဲပိ ဝိဟရတိ- အကြင်ကြောင့်နေ၏၊ သမဏော ဂေါတမော- ရဟန်း ဂေါတမသည်၊ အမှာကံ- ငါတို့၏၊ အတိထိ- ဧည့်သည်တည်း၊ အမှေဟိ- ငါတို့သည်၊ အတိထိ- ဧည့်သည်ကို၊ သက္ကာတဗ္ဗော- အရိုအသေ ပြုအပ်၏၊ ဂရုကာတဗ္ဗော- အလေးအမြတ် ပြုအပ်၏၊ မာနေတဗ္ဗော- မြတ်နိုးအပ်၏၊ ပူဇေတဗ္ဗော- ပူဇော်အပ်၏၊ အပစေတဗ္ဗော- ဆည်းကပ်အပ်၏၊ ဣမိနာ အင်္ဂေနပိ- ဤအကြောင်းဖြင့် လည်း၊ သော ဘဝံ ဂေါတမော- ထိုအရှင်ဂေါတမသည်၊ အမှာကံ- ငါတို့ ကို၊ ဒဿနာယ- ဖူးမြင်ဖြင်းငှာ၊ ဥပသင်္ကမိတုံ- ကပ်ခြင်းငှာ၊ န အရဟတိ- မထိုက်၊ အထ ခေါ- စင်စစ်သော်ကား၊ မယမေဝ- ငါတို့သည်သာလျှင်၊ တံ ဘဝန္တံ ဂေါတမံ- ထိုအရှင်ဂေါတမကို၊ ဒဿနာယ- ဖူးမြင်ခြင်းငှာ၊ ဥပသင်္ကမိတုံ- ကပ်ခြင်းငှာ၊ အရဟာမ- ထိုက်ကုန်၏။ ဘော- အရှင်တို့၊ အဟံ- ငါသည်၊ ယဿ ဘောတော ဂေါတမဿ- ထိုအရှင်ဂေါတမ၏၊ ဧတ္တကေ- ဤမျှလောက်ကုန်သော၊ ဝဏ္ဏေ- ဂုဏ်တို့ကို၊ ပရိယာပုဏာမိ- သိ၏၊ သော ဘဝံ ဂေါတမော- ထိုအရှင်ဂေါတမသည်၊ ဧတ္တကဝဏ္ဏော- ဤမျှလောက် ဂုဏ်ရှိသည်၊ နော ခေါ (ဟောတိ)- မဖြစ်၊ သော ဘဝံ ဂေါတမော- ထိုအရှင်ဂေါတမသည်၊ အပရိမာဏဝဏ္ဏော- အတိုင်း မသိ သော ဂုဏ်ရှိ၏၊" ဣတိ- ဤသို့၊ (အဝေါစ- ဆို၏။)

၃၀၅။ ဧဝံ- ဤသို့၊ ဝုတ္တေ- ဆိုအပ်သည်ရှိသော်၊ တေ ဗြာဟ္မဏာ- ထိုပုဏ္ဏားကို၊ ဘဝံ သောဏဒဏ္ဍံ- အရှင်သောဏဒဏ္ဍ အမည်ရှိသော၊ ဗြာဟ္မဏာ- ပုဏ္ဏားကို၊ "ဘဝံ သောဏဒဏ္ဍော- အရှင်သောဏဒဏ္ဍသည်၊ သမဏဿ ဂေါတမဿ- ရဟန်းဂေါတမ၏၊ ဝဏ္ဏံ- ဂုဏ်ကို၊ ယထာ (ယေန ကာရဏေန)- အကြင်သို့သော

အကြောင်းဖြင့်၊ ဘာသတိ- ချီးမွမ်း၏။ တေန ကာရဏေန- ထိုအကြောင်းဖြင့်၊ ကူတော- ဤအရပ်မှ၊ သော ဘဝံ ဂေါတမော- ထိုအရှင်ဂေါတမသည်၊ ယောဇနသတေပိ- ယူဇနာ တစ်ရာသော အရပ်၌လည်း၊ ခေ ဝိဟရတိ- အကယ်၍ နေအံ့၊ ဧဝံ ပိ- ဤသို့ နေတော်မူသည်ရှိသော်လည်း၊ သဒ္ဓေန- သဒ္ဓါတရားနှင့် ပြည့်စုံသော၊ ကုလပုတ္တေန- အမျိုးသားသည်၊ ပုဋေ္ဌာသေနာပိ- ရိက္ခာ ထုပ်ကိုယူ၍လည်း၊ ဒဿနာယ- ဖူးမြင်ခြင်းငှာ၊ ဥပသင်္ကမိတုံ- ကပ်ခြင်းငှာ၊ အလမေဝ- လျောက်ပတ်သည်သာလျှင်တည်း၊" ဘော- အရှင်တို့၊ တေန ဟိ- ထိုသို့ တပြီးကား၊ သဗ္ဗေဝ- အလုံးစုံသာလျှင် ဖြစ်ကုန်သော၊ မယံ- ငါတို့သည်၊ သမဏံ ဂေါတမံ- ရဟန်းဂေါတမသို့၊ ဒဿနာယ- ဖူးမြင်ငှာ၊ ဥပသင်္ကမိဿာမ- ကပ်ကုန်အံ့၊ ဣတိ (ဧတံ ဝစနံ)- ဤသို့သော စကားကို၊ (အဝေါစုံ- ဆိုကုန်၏။ )

၁၀၆။ *(၁၁၁) အထ ခေါ- ထိုအခါ၌၊ သောဏဒဏ္ဍော- သောဏ ဒဏ္ဍ အမည်ရှိသော၊ ဗြာဟ္မဏော- ပုဏ္ဏားအပေါင်းနှင့်၊ သဒ္ဓိံ- တကွ၊ ယေန- အကြင်အရပ်၌၊ ဂဂ္ဂရာ- ဂဂ္ဂရာမည်သော မိဖုရားသည် ပြုအပ်သော၊ ပေါက္ခရဏီ- လေးထောင့်ကန်သည်၊ (အတ္ထိ- ရှိ၏၊) တေန- ထိုလေးထောင့်ကန်ရှိအရပ်သို့၊ ဥပသင်္ကမိ- ကပ်လေ၏။ အထ ခေါ- ထို အခါ၌၊ တိရောဝနသဏ္ဍဂတဿ- သောဏဒဏ္ဍအမည်ရှိသော၊ ဗြာဟ္မဏဿ- ပုဏ္ဏားအား၊ "အဟဉ္စေဝ- ငါသည်သာလျှင်၊ သမဏံ ဂေါတမံ- ရဟန်းဂေါတမကို၊ ပဉှံ- ပြဿနာကို၊ ပုစ္ဆေယျ- မေးအံ့၊ တတြ- ထိုသို့မေးသောအခါ၌၊ သမဏော ဂေါတမော- ရဟန်း ဂေါတမသည်၊ မံ- ငါ့ကို၊ ဗြာဟ္မဏ- ပုဏ္ဏား၊ ဧသ (ဧသော) ပဉှော- ဤသို့သော ပြဿနာကို၊ ဧဝံ- ဤသို့၊ န ခေါ ပုစ္ဆိတဗ္ဗော- မမေးအပ်၊ ဗြာဟ္မဏ- ပုဏ္ဏား၊ ဧသ (ဧသော) ပဉှော- ဤသို့သောပြဿနာကို၊ ဧဝံ နာမ- ဤသို့မူကား၊ ပုစ္ဆိတဗ္ဗော- မေးအပ်၏၊ ဣတိ ဧဝံ- ဤသို့၊ စေ ဝဒေယျ- အကယ်၍ ဆိုအံ့၊ တေန- ထိုသို့ ဆိုသောကြောင့်၊ အယံ ပရိသာ- ဤပရိသတ်သည်၊ မံ- ငါ့ကို၊ သောဏဒဏ္ဍော- သောဏဒဏ္ဍ အမည်ရှိသော၊ ဗြာဟ္မဏော- ပုဏ္ဏားသည်၊ ဗာလော- မိုက်၏၊ အဗျတ္တော- မလိမ္မာ၊ သမဏံ ဂေါတမံ- ရဟန်းဂေါတမကို၊ ယောနိသော- အသင့်အားဖြင့်၊ ပဉှံ- ပြဿနာကို၊ ပုစ္ဆိတုံ- မေးခြင်းငှာ၊ နာသက္ခိ- မစွမ်းနိုင်၊ ဣတိ- ဤသို့၊ (ပရိဘဝေယျ- နှိပ်စက်ရာ၏၊ ယဿ- အကြင်သူ၏၊) အယံ ပရိသာ- ဤပရိသတ်သည်၊ ယံ (ယေန ကာရဏေန)- အကြင်အကြောင်းကြောင့်၊ ပရိဘဝေယျ- နှိပ်စက်ရာ၏၊ တဿ- ထိုသူ၏၊ ယသောပိ- အခြံအရံသည်လည်း၊ ဟာယေထ- ယုတ်ရာ၏။ ယဿ- အကြင်သူ၏၊ ယသော- အခြံအရံ သည်၊ ဟာယေထ- ယုတ်ရာ၏၊ တဿ- ထိုသူ၏၊ ဘောဂါပိ- စည်းစိမ်

တို့သည်လည်း၊ ဟာယေယျုံ- ယုတ်ကုန်၏၊ အမှာကံ- ငါတို့သည်၊ ယသော-
အခြံအရံကို၊ (လဒ္ဓေါ ခေါ ပန- ရအပ်သည်သာလျှင်တည်း။) ဘောဂါ- စည်းစိမ်တို့ကို၊
လဒ္ဓါ ခေါ ပန- ရအပ်ကုန်သည်သာလျှင်တည်း၊ သမဏော ဂေါတမော-
ရဟန်းဂေါတမသည်၊ မမဒ္ဓေဝ- ငါကိုသာလျှင်၊ ပဉှံ- ပြဿနာကို၊ ပုစ္ဆေယျ- မေးရာ၏၊
အဟံ- ငါသည်၊ တဿ- ထို အရှင်ဂေါတမ၏၊ ပဉှဿ- ပြဿနာကို၊
ဝေယျာကရဏေန- ဖြေသဖြင့်၊ စိတ္တံ- စိတ်ကို၊ န အာရာဓေယျံ- မနှစ်သက်စေနိုင်ရာ၊
တတြ- ထိုသို့ မနှစ်သက်စေနိုင်သည်ရှိသော်၊ သမဏော ဂေါတမော-
ရဟန်းဂေါတမသည်၊ 'ဗြာဟ္မဏ- ပုဏ္ဏား၊ ဧသ (ဧသော) ပဉှော- ဤ ပြဿနာကို၊
ဧဝံ- ဤသို့၊ န ခေါ ဗျာကာတဗ္ဗော- မဖြေအပ်၊ ဗြာဟ္မဏ- ပုဏ္ဏား၊ ဧသ (ဧသော)
ပဉှော- ဤပြဿနာကို၊ ဧဝံ နာမ- ဤသို့မူကား၊ ဗျာကာတဗ္ဗော- မဖြေအပ်၏၊'
ဣတိ (ဧဝံ)- ဤသို့၊ မံ- ငါ့ကို၊ ဝဒေယျ- အကယ်၍ ဆိုငြားအံ့၊ တေန- ထိုသို့
ဆိုသောကြောင့်၊ အယံ ပရိသာ- ဤပရိသတ်သည်၊ မံ- ငါ့ကို၊ 'သောဏဒဏ္ဍော-
သောဏဒဏ္ဍ အမည်ရှိသော၊ ဗြာဟ္မဏော- ပုဏ္ဏားသည်၊ ဗာလော- မိုက်၏၊
အဗျာတ္တော- မလိမ္မာ၊ သမဏဿ ဂေါတမဿ- ရဟန်းဂေါတမ၏၊ ပဉှဿ-
ပြဿနာကို၊ ဝေယျာကရဏေန- ဖြေသဖြင့်၊ စိတ္တံ- စိတ်ကို၊ အာရာဓေတုံ- နှစ်သက်
စေခြင်းငှာ၊ နာသက္ခိ- မတတ်နိုင်၊' ဣတိ- ဤသို့၊ (ပရိဘဝေယျ- နှိပ်စက်ရာ၏၊
ယဿ- အကြင်သူ၏၊) အယံ ပရိသာ- ဤပရိသတ်သည်၊ ယံ (ယေန ကာရဏေန)-
အကြင်အကြောင်းကြောင့်၊ ပရိဘဝေယျ- နှိပ်စက်ရာ၏၊ တဿ- ထိုသူ၏၊ ယသောပိ-
အခြံအရံသည်လည်း၊ ဟာယေထ- ယုတ်ရာ၏၊ ယဿ- အကြင်သူ၏၊ ယသော-
အခြံအရံသည်၊ ဟာယေထ- ယုတ်ရာ၏၊ တဿ- ထိုသူ၏၊ ဘောဂါပိ- စည်းစိမ်တို့
သည်လည်း၊ ဟာယေယျုံ- ယုတ်ကုန်ရာ၏၊ အမှာကံ- ငါတို့သည်၊ ယသော-
အခြံအရံကို၊ (လဒ္ဓေါ ခေါ ပန- ရအပ်သည်သာလျှင်တည်း၊) ဘောဂါ- စည်းစိမ်တို့ကို၊
လဒ္ဓါ ခေါ ပန- ရအပ်ကုန်သည်သာလျှင်တည်း၊ အဟမ္ဗေဝ- ငါသည်သာလျှင်၊ ဧဝံ-
ဤသို့၊ သမီပဂတော- အနီးသို့ ရောက်လာသည်၊ သမာနော- ဖြစ်လျက်၊ အဒိသွာဝ-
မဖူးမြင်မူ၍သာလျှင်၊ သမဏံ ဂေါတမံ- ရဟန်းဂေါတမကို၊ နိဝတ္တေယျံ- ပြန်နစ်စေအံ့၊
တေန- ထိုသို့ပြန်နစ်သောကြောင့်၊ အယံ ပရိသာ- ဤပရိသတ်သည်၊ မံ- ငါ့ကို၊
'သောဏဒဏ္ဍော- သောဏဒဏ္ဍ အမည်ရှိသော၊ ဗြာဟ္မဏော- ပုဏ္ဏားသည်၊
ဗာလော- မိုက်၏၊ အဗျတ္တော- မလိမ္မာ၊ မာနထဒ္ဓေါ- မာန်ခက်ထန်၏၊ ဘီတော-
ကြောက်၏၊ သမဏံ ဂေါတမံ- ရဟန်းဂေါတမ ကို၊ ဒဿနာယ- ဖူးမြင်ခြင်းငှာ၊
ဥပသင်္ကမိတုံ- ကပ်ခြင်းငှာ၊ နော ဝိသဟတိ- မဝံ့၊ ကထံ ဟိ- အဘယ်ကြောင့်သာလျှင်၊

ဧဝံ- ဤသို့ သမိပဂတော- အနီးသို့ ရောက်လာသည်၊ သမာနော- ဖြစ်လျက်၊ အဒိသွာ- မဖူးမြင်မူ၍၊ သမဏံ ဂေါတမံ- ရဟန်း ဂေါတမကို၊ နိဝတ္တိဿတိ နာမ- ပြန်နစ်စေလေဘိသနည်း၊ ကြတိ- ဤသို့၊ (ပရိဘဝေယျ- နှိပ်စက် ရာ၏၊ ယဿ- အကြင်သူ၏၊) အယံ ပရိသာ- ဤပရိသတ်သည်၊ ယံ (ယေန ကာရဏေန)- အကြင်အကြောင်းကြောင့်၊ ပရိဘဝေယျ- နှိပ်စက်ရာ၏၊ တဿ- ထိုသူ၏၊ ယသောပိ- အခြံအရံသည်လည်း၊ ဟာယေထ- ယုတ်ရာ၏။ ယဿ- အကြင်သူ၏၊ ယသော- အခြံအရံ သည်၊ (ဟာယေထ- ယုတ်ရာ၏၊) တဿ- ထိုသူ၏၊ ဘောဂါပိ- စည်းစိမ်တို့ သည်လည်း၊ ဟာယေယျုံ- ယုတ်ကုန်ရာ၏၊ အမှာကံ- ငါတို့သည်၊ ယသော- အခြံအရံကို၊ (လဒ္ဓေါ ခေါ ပန- ရအပ်သည်သာလျှင်တည်း၊) ဘောဂါ- စည်းစိမ်တို့ကို၊ လဒ္ဓါ ခေါ ပန- ရအပ်ကုန်သည်သာလျှင်တည်း။" ကြတိ (ဧဝံ)- ဤသို့၊ စေတသော- စိတ်၏၊ ပရိဝိတက္ကော- အကြံသည်၊ ဥဒပါဒိ- ထင်ရှားဖြစ်၏။

၃၀၇။ အထ ခေါ- ထိုအခါ၌၊ သောဏဒဏ္ဍော- သောဏဒဏ္ဍ အမည်ရှိသော၊ ဗြာဟ္မဏော- ပုဏ္ဏားသည်၊ ယေန- အကြင်အရပ်၌၊ ဘဂဝါ- မြတ်စွာဘုရားသည်၊ (အတ္ထိ- ရှိတော်မူ၏၊) တေန- ထိုမြတ်စွာ ဘုရားရှိတော်မူရာအရပ်သို့၊ ဥပသင်္ကမိ- ကပ်လေ၏၊ ဥပသင်္ကမိတွာ- ကပ်လေပြီး၍၊ ဘဂဝတာ- မြတ်စွာဘုရားနှင့်၊ သဒ္ဓိံ- တကွ၊ သမ္မောဒိ- ဝမ်းမြောက်ဝမ်းသာ ပြောဟော၏၊ သမ္မောဒနီယံ- ဝမ်းမြောက် ဝမ်းသာ ပြောဟောအပ်သော၊ သာရဏီယံ- အသက်ထက်ဆုံးအောက်မေ့ အပ်သော၊ ကထံ- စကားကို၊ ဝီတိသာရေတွာ- ပြီးဆုံးစေ၍၊ ဧကမန္တံ- သင့်တင့်လျောက်ပတ်သော အရပ်၌၊ နိသီဒိ- ထိုင်နေ၏။ စမ္ပေယျကာ- စမ္ပာပြည်၌ နေကုန်သော၊ *(၁၁၂) အပေ့ကစ္စေ- အချို့ကုန်သော၊ ဗြာဟ္မဏဂဟပတိကာပိ- ပုဏ္ဏားသူကြွယ် တို့သည်လည်း၊ ဘဂဝန္တံ- မြတ်စွာ ဘုရားကို၊ အဘိဝါဒေတွာ- ရှိခိုးကုန်၍၊ ဧကမန္တံ- သင့်တင့် လျောက်ပတ်သော အရပ်၌၊ နိသီဒိံသု- ထိုင်နေကုန်၏၊ အပေ့ကစ္စေ- အချို့ကုန်သော ပုဏ္ဏား သူကြွယ်တို့သည်၊ ဘဂဝတာ- မြတ်စွာဘုရားနှင့်၊ သဒ္ဓိံ- တကွ၊ သမ္မောဒိံသု- ဝမ်းမြောက်ဝမ်းသာ ပြောဟောကုန်၏၊ သမ္မောဒနီယံ- ဝမ်းမြောက်ဝမ်းသာ ပြောဟောအပ်သော၊ သာရဏီယံ- အသက်ထက်ဆုံး အောက်မေ့အပ်သော၊ ကထံ- စကားကို၊ ဝီတိသာရေတွာ- ပြီးဆုံးစေ၍၊ ဧကမန္တံ- သင့်တင့်လျောက်ပတ်သော အရပ်၌၊ နိသီဒိံသု- ထိုင်နေကုန်၏၊ အပေ့ကစ္စေ- အချို့ကုန်သော ပုဏ္ဏား သူကြွယ်တို့သည်၊ ယေန- အကြင်အရပ်၌၊ ဘဂဝါ- မြတ်စွာဘုရားသည်၊ (အတ္ထိ- ရှိတော်မူ၏၊) တေန- ထိုမြတ်စွာဘုရားရှိတော်မူရာ အရပ်သို့၊ အဉ္ဇလိံ- လက်အုပ်ကို၊ ပဏာမေတွာ- ညွတ်ကုန်၍၊ ဧကမန္တံ- သင့်တင့်

လျောက်ပတ်သော အရပ်၌၊ နိသီဒိံသု- ထိုင်နေကုန်၏၊ အပ္ပေကစ္စေ- တချို့ကုန်သော ပုဏ္ဏားသူကြွယ်တို့သည်၊ နာမဂေါတ္တံ- အမည်အမျိုးကို၊ သာဝေတွာ- ကြားကုန်၍၊ ဧကမန္တံ- သင့်တင့် လျောက်ပတ်သော အရပ်၌၊ နိသီဒိံသု- ထိုင်နေကုန်၏၊ အပ္ပေကစ္စေ- အချို့ကုန်သော ပုဏ္ဏား သူကြွယ်တို့သည်၊ တုဏှီဘူတာ- စကားမဆိုကုန်သည် ဖြစ်၍၊ ဧကမန္တံ- သင့်တင့်လျောက်ပတ်သော အရပ်၌၊ နိသီဒိံသု- ထိုင်နေကုန်၏။

၃၀၈။ တတြပိ- ထိုနေရာအခါ၌လည်း၊ သောဏဒဏ္ဍော- သောဏ ဒဏ္ဍအမည်ရှိသော၊ ဗြာဟ္မဏောပိ- ပုဏ္ဏားသည်လည်း၊ ဧတဒေဝ- ထို အကြံကို သာလျှင်၊ ဗဟုလံ- များစွာ၊ အနုဝိတက္ကေန္တော- အဖန် တလဲလဲ ကြံလျက်၊ နိသိန္နော- ထိုင်နေသည်၊ ဟောတိ- ဖြစ်၏၊ "အဟဉ္စေဝ- ငါသည် သာလျှင်၊ သမဏံ ဂေါတမံ- ရဟန်းဂေါတမကို၊ ပဉှံ- ပြဿနာကို၊ ပုစ္ဆေယျံ- မေးအံ့၊ တတြ- ထိုသို့မေးသော အခါ၌၊ သမဏော ဂေါတမော- ရဟန်း ဂေါတမသည်၊ မံ- ငါ့ကို၊ 'ဗြာဟ္မဏ- ပုဏ္ဏား ဧသ (ဧသော) ပဉှော- ဤ ပြဿနာကို၊ ဧဝံ- ဤသို့၊ န ခေါ ပုစ္ဆိတဗ္ဗော- မမေးအပ်၊ ဗြာဟ္မဏ- ပုဏ္ဏား၊ ဧသ (ဧသော) ပဉှော- ဤပြဿနာကို၊ ဧဝံ နာမ- ဤသို့မူကား၊ ပုစ္ဆိတဗ္ဗော- မေးအပ်၊' ဣတိ (ဧဝံ)- ဤသို့၊ စေ ဝဒေယျ- အကယ်၍ ဆိုငြားအံ့၊ တေန- ထိုသို့ဆိုသောကြောင့်၊ အယံ ပရိသာ- ဤပရိသတ် သည်၊ မံ- ငါ့ကို၊ 'သောဏဒဏ္ဍော- သောဏဒဏ္ဍ အမည်ရှိသော၊ ဗြာဟ္မဏော- ပုဏ္ဏားသည်၊ ဗာလော- မိုက်၏၊ အဗျတ္တော- မလိမ္မာ၊ သမဏံ ဂေါတမံ- ရဟန်းဂေါတမကို၊ ယောနိသော- အသင့်အားဖြင့်၊ ပဉှံ- ပြဿနာကို၊ ပုစ္ဆိတုံ- မေးခြင်းငှာ၊ နာသက္ခိ- မစွမ်းနိုင်၊' ဣတိ- ဤသို့၊ ပရိဘဝေယျ- နှိက်စက်ရာ၏၊ ယဿ- အကြင်သူ၏၊ အယံ ပရိသာ- ဤပရိသတ်သည်၊ ယံ (ယေန ကာရဏေန)- အကြင်အကြောင်းကြောင့်၊ ပရိဘဝေယျ- နှိက်စက်ရာ၏၊ တဿ- ထိုသူ၏၊ ယသောပိ- အခြံအရံ သည်လည်း၊ ဟာယေထ- ယုတ်ရာ၏၊ ယဿ- အကြင်သူ၏၊ ယသော- အခြံအရံသည်၊ ဟာယေထ- ယုတ်ရာ၏၊ တဿ- ထိုသူ၏၊ ဘောဂါပိ- စည်းစိမ်တို့သည်လည်း၊ ဟာယေယျုံ- ယုတ်ကုန်ရာ၏၊ အမှာကံ- ငါတို့ သည်၊ ယသော- အခြံအရံကို၊ (လဒ္ဓေါ ခေါ ပန- ရအပ်ကုန်သည် သာလျှင်တည်း၊) ဘောဂါ- စည်းစိမ်တို့ကို၊ လဒ္ဓါ ခေါ ပန- ရအပ်ကုန်သည် သာလျှင်တည်း၊ သမဏော ဂေါတမော- ရဟန်းဂေါတမသည်၊ မမဉ္စေဝ- ငါ့ကိုသာလျှင်၊ ပဉှံ- ပြဿနာကို၊ ပုစ္ဆေယျ- မေးရာ၏၊ အဟံ- ငါသည်၊ တဿ- ထိုအရှင်ဂေါတမ၏၊ ပဉှဿ- ပြဿနာကို၊ ဝေယျာကရဏေန- ဖြေသဖြင့်၊ စိတ္တံ- စိတ်ကို၊ န အာရာဓေယျံ- မနှစ်သက်စေနိုင်ရာ။ တတြ- ထိုသို့မနှစ်သက်စေနိုင်သည်ရှိသော်၊ သမဏော ဂေါတမော- ရဟန်း ဂေါတမသည်၊

ဗြာဟ္မဏ- ပုဏ္ဏား၊ ဧသ (ဧသော) ပဉှော- ဤသို့သော ပြဿနာကို၊ ဧဝံ- ဤသို့၊ န ခေါ ဗျာကာတဗ္ဗော- မဖြေအပ်၊ ဗြာဟ္မဏ- ပုဏ္ဏား၊ ဧသ (ဧသော) ပဉှော- ဤသို့သော ပြဿနာကို၊ ဧဝံ နာမ- ဤ သို့မှုကား၊ ဗျာကာတဗ္ဗော- မဖြေအပ်၊ ဣတိ ဧဝံ- ဤသို့၊ မံ- ငါ့ကို၊ စေ ဝဒေယျ- အကယ်၍ ဆိုငြားအံ့၊ တေန- ထိုသို့ဆိုသောကြောင့်၊ အယံ ပရိသာ- ဤပရိသတ်သည်၊ မံ- ငါ့ကို၊ သောဏဒဏ္ဍော- သောဏဒဏ္ဍ အမည်ရှိသော၊ ဗြာဟ္မဏော- ပုဏ္ဏားသည်၊ ဗာလော- မိုက်၏၊ အဗျတ္တော- မလိမ်မာ၊ သမဏဿ ဂေါတမဿ- ရဟန်းဂေါတမ၏၊ ပဉှဿ- ပြဿနာ ကို၊ ဝေယျာကရဏေန- ဖြေသဖြင့်၊ စိတ္တံ- စိတ်ကို၊ အာရာဓေတုံ- နှစ်သက် စေခြင်းငှာ၊ နာသက္ခိ- မစွမ်းနိုင်၊ ဣတိ- ဤသို့၊ ပရိဘဝေယျ- နှိပ်စက်ရာ၏၊ ယဿ- အကြင်သူ၏၊ အယံ ပရိသာ- ဤပရိသတ်သည်၊ ယံ (ယေန ကာရဏေန)- အကြင်အကြောင်းကြောင့်၊ ပရိဘဝေယျ- နှိပ်စက်ရာ၏၊ တဿ- ထိုသူ၏၊ ယသောပိ- အခြံအရံသည်လည်း၊ ဟာယေထ- ယုတ်ရာ၏၊ ယဿ- အကြင်သူ၏၊ ယသော- အခြံအရံသည်၊ ဟာယေထ- ယုတ်ရာ၏၊ တဿ- ထိုသူ၏၊ ဘောဂါပိ- ဥစ္စာတို့သည်လည်း၊ ဟာယေယျုံ- ယုတ်ကုန်ရာ၏၊ အမှာကံ- ငါတို့သည်၊ ယသော- အခြံ အရံကို၊ (လဒ္ဓေါ ခေါ ပန- ရအပ်သည် သာလျှင်တည်း၊) ဘောဂါ- စည်းစိမ် တို့ကို၊ လဒ္ဓါ ခေါ ပန- ရအပ်ကုန်သည်သာလျှင် တည်း၊ သမဏော ဂေါတမော- ရဟန်းဂေါတမသည်၊ မံ- ငါ့ကို၊ သစေ အာစရိယကေ- မိမိဆရာ၏ဥစ္စာဖြစ်သော၊ တေဝိဇ္ဇကေ- ဗေဒင်သုံးပုံ၌၊ ပဉှံ- ပြဿနာကို၊ ပုစ္ဆေယျ- မေးရပါမူကား၊ အဟော ဝတ- ဩော် ကောင်းလေစွတကား၊ အဟော ဝတ- ဩော် ကောင်းလေစွတကား၊ အဒ္ဓါဝ- စင်စစ်သာလျှင်၊ အဟံ- ငါသည်၊ ပဉှဿ- ပြဿနာကို၊ ဝေယျာကရဏေန- ဖြေသဖြင့်၊ တဿ- ထိုအရှင်ဂေါတမ၏၊ စိတ္တံ- စိတ်ကို၊ အာရာဓေယျံ- နှစ်သက် စေနိုင်ပါမူကား၊ အဟော ဝတ- ဩော် ကောင်းစွတကား၊ ဣတိ- ဤသို့၊ (စေတသော- စိတ်၏၊ ပရိဝိတက္ကော- အကြံသည်၊ ဥဒပါဒိ- ထင်ရှားဖြစ် ၏။ )

## ဗြာဟ္မဏပညတ္တိ

၃၀၉။ အထ ခေါ- ထိုအခါ၌၊ ဘဂဝတော- မြတ်စွာဘုရား၏၊ စေတသာ- စိတ်တော်ဖြင့်၊ သောဏဒဏ္ဍဿ- သောဏဒဏ္ဍ အမည်ရှိ သော၊ ဗြာဟ္မဏဿ- ပုဏ္ဏား၏၊ စေတောပရိဝိတက္ကံ- စိတ်၏ အကြံကို၊ အညာယ- သိ၍၊ သောဏဒဏ္ဍော- သောဏဒဏ္ဍအမည်ရှိသော၊ အယံ ဗြာဟ္မဏော- ဤပုဏ္ဏားသည်၊ သကေန- မိမိဥစ္စာဖြစ်သော၊ စိတ္တေန- စိတ်ဖြင့်၊ ဝိဟညတိ- ပင်ပန်း၏၊ အဟံ- ငါသည်၊

